# မင်းခွေ
# စေနှမ




ဒုတိယအကြိမ်

mgyoe.com

နာမည်ဟူသော ဘဝလမ်းညွှန်အတွေးအမြင်စာအုပ်မျိုး၊
ဓားဟူသော မျိုးချစ်စိတ်ဖွဲ့ ဂန္ထဝင်ဝတ္ထုမျိုး၊
သူဘုငါဘောက်၊ ချစ်တဲ့ည စသော စာဖတ်သူအကြိုက်ဖြစ်ခဲ့ပြီး
အကြိမ်ကြိမ်လည်း ရုပ်ရှင်ရိုက်ကူးခဲ့ရသော ဝတ္ထုမျိုးများ
ရေးသားခဲ့သော စာရေးဆရာကြီးမင်းဆွေ၏
တိမ်မြုပ်နေသောသည်းထိပ်ဖိုဝတ္ထုတစ်ပုဒ် . . .

# မင်းဆွေ



UMS0005
2,000.00KS

mgyoe.com

mgyoe.com

စနေမ၊ မင်းသွေ
စာမျက်နှာ ၂၃၄ မျက်နှာ၊ ၁၀ စင်တီ× ၁၆ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
ဂ၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
သီဟစာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ဒေါက်တာတင့်ဆွေမှာ ရန်ကုန်ဇာတိပင် ဖြစ်သော်လည်း ကျွန်ုပ်နှင့် ရှမ်းပြည်မြောက်ပိုင်း၊ ဘော်ကြိုရွာကလေးတွင် တွေ့ဆုံသိကျွမ်းခဲ့လေသည်။

၁၉၃၇ ခု၊ ဖေဖော်ဝါရီလလောက်က ကျွန်ုပ်စာရေးခြင်းကို ခေတ္တအနားယူပြီး အထက်မြန်မာပြည်သို့ အနှံ့အပြား အလည်အပတ်ထွက်ခဲ့ရာ ထိုအခါက သာစည်ဘူတာတွင် မီးရထားရာဇဝတ်အုပ်အဖြစ် အမှုထမ်းရွက်နေသော ငယ်ပေါင်းမိတ်ဆွေ 'ဦးဝင်းဟန်' နှင့်တွေ့ဆုံလျက် နှစ်ယောက်အတူ မြောက်ပိုင်း ရှမ်းပြည်သို့ တက်သွား၏။ ဦးဝင်းဟန်မှာ ခွင့်ရက်စေ့၍ သာစည်သို့ ပြန်လာနိုင်သော်လည်း ကျွန်ုပ်မှာ ခြေထောက်တွင် အနာပေါက်သောကြောင့် သီပေါမြို့ ဆရာဝန် 'ဦးထွန်း' အိမ်တွင် သောင်တင်နေခဲ့လေသည်။

mgyoe.com

mgyoe.com


ရက်သတ္တအတော်ကြာအောင် ကုရပြီးနောက် သီပေါစော်ဘွားကိုယ်တိုင် ကရဝိက်ဖောင်တော်နှင့် ဒုဋ္ဌဝတီမြစ်မှ စုန်ဆင်းကြွရောက်မြဲဖြစ်သော ဘော်ကြို ဘုရားပွဲတော်သို့ ဦးထွန်းနှင့်အတူ ကျွန်ုပ်ပါ သွားရောက်ခဲ့၏။ ထိုဘုရားပွဲတော်မှာ တပေါင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိကျင်းပ၍ အငြိမ့်၊ ဇာတ်ပွဲများနှင့်တကွ ၃၆ ကောင်ထိ၊ ၁၂ ကောင် မြေကပ်ထိ၊ လေးကောင်ဂျင်၊ ပါတန်၊ ခေါင်လံခေါ် စုံမ၊ ပိုက်ကြူး၊ အနီထောင်၊ ကိုးငါး၊ ဘူကြီး၊ ခြောက်ကောင်၊ အနီအစိမ်းမှစ၍ ကံတိုက် ကစားပွဲအမျိုးမျိုး ကျင်းပသည့်ပြင် သိရှိဖွယ်ကောင်းသောကမင်းကြီးသည် သာသနာ သက္ကရာဇ် ၂၁၈ ခုနှစ်တွင် စေတီပေါင်း ၈၄,၀၀၀ တည်တော်မူစဉ်အခါက ရေကန်ကြီးအလယ်တွင် ဖောင်ခံ၍ ရွှေအုတ်၊ ငွေအုတ်၊ ကြေးအုတ်၊ ခဲအုတ်တို့ဖြင့် ဓာတ်တော်အစစ်များကို ဌာပနာ၍ တည်ထားသော 'မုဋ္ဌောစေတီတော်' ကို အကြောင်းပြုသောကြောင့် ဤမျှ ကြီးကျယ်စည်ကားခြင်း ဖြစ်လေသည်။

သို့ရာတွင် ယခုအခါ၌ ဘော်ကြိုရွာကလေးကို အကြောင်းပြု၍ 'ဘော်ကြိုဘုရား' ဟုသာ ခေါ်ဝေါ်ကြကုန်၏။ ဘော်ကြိုဟု တွင်လာခြင်းမှာ ထက်အောက် ရှမ်းပြည်နှင့် မြန်မာတစ်ပြည်လုံး သိရှိသော ရှမ်း

mgyoe.com

mgyoe.com


အမျိုးသမီး စောမွန်လှအား မြန်မာဘုရင် အနော်ရထာ မင်းစောက စုန်းမဟု စွပ်စွဲ၍ တိုင်းပြည်မှ နှင်လိုက်ပြီး နောက် နေရင်းဌာနသို့ ပြန်သွားစဉ် ခမည်းတော်က လမ်းမှ ဆီးကြို၏။ ရှမ်းဘာသာတွင် အဖေကို 'ပေါ့' ဟု ခေါ်သဖြင့် အဖေ ကြိုသည်ကို အကြောင်းပြုပြီး မြန်မာတို့က 'ပေါ့ကြို' ဟု သမုတ်ခဲ့၏။ တစ်ဖန် 'ပေါ်ကြို' ဟု ပြောင်းလဲခဲ့ရာမှ ယခုအခါ 'ဘော်ကြို' ဟု အမည်တွင်နေလေသည်။

ခမည်းတော် ဆီးကြိုသောနေရာတွင် စောမွန်လှ ရင်ကွဲနာကျ၍ သေဆုံးရာ နောင်လာနောက်သားများ မှတ်မိစိမ့်သောငှာ တံတိုင်း၊ မီးတားများနှင့် စေတီငယ် တစ်ဆူ တည်ထား၏။ ထိုစေတီကား ဘော်ကြိုရွာထိပ် ဒုဋ္ဌဝတီမြစ်ကမ်းပါးတွင် ဖြစ်လေသည်။

ကျွန်ုပ်ထင်သည့်အတိုင်း အကယ်၍ ဇနီး မောင်နှံသာဖြစ်ပါမူ ရှေ့သွားနောက်လိုက် ညီမည်ဖြစ် သော ပျိုလွင်သပ်ရပ်သူနှစ်ဦးကို ထိုစေတီအနီး၌ တည် ငြိမ်စွာ ဝတ်ပြုနေသည်ကို တွေ့ရ၏။

"ဘယ့်နှယ်လဲ... ဦးထွန်းရဲ့၊ ဟိုနှစ်ယောက်ဟာ သိပ်ကြည့်ကောင်းပါကလား" ဟု ကျွန်ုပ်က မေးမိရာ "ခင်ဗျား ဘယ်လိုထင်သလဲ။ ဟိုလူက ဗမာပဲ။ ခင်ဗျား တို့ ရန်ကုန်ကပေါ့။ မိန်းကလေးကတော့ ရှမ်းအမျိုး

mgyoe.com

mgyoe.com


သမီးကလေးဗျ။ ဟိုဟာက ကိုတင့်ဆွေဆိုတဲ့ ကျုပ်မိတ်ဆွေကြီးပဲ။ သူတို့မှာ အင်မတန် ထူးဆန်းတဲ့ အကြောင်းအရာတစ်ခုခုရှိသလို ကြားဖူးတယ်။ ခင်ဗျားလို ဝတ္ထုရေးဆရာနဲ့ဆိုရင် အံကိုက်သွားမှာပဲ” ဟု ပြောဆိုသည်မှအစ မကြာမီ မိတ်ဖွဲ့ပေးသဖြင့် ကျွန်ုပ်နှင့် များစွာခင်မင်သွား၏။

ဤအခါတွင် ကျွန်ုပ် မည်သည့်အလုပ် လုပ်ကိုင်သည်ကို ကိုတင့်ဆွေ သိသကဲ့သို့ ကိုတင့်ဆွေသည်လည်း ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်သိခဲ့ရလေသည်။ သူတို့၏ ဇနီးမောင်နှံကိုမိတ်ဆက်ပေးသော်လည်း ကျွန်ုပ်အား ဤနေ့ပြုံး ပြုံး၍သာနေတော့သောကြောင့် နောက်ဆုံးတွင် စိတ်လျှော့ပြီး ကျွန်ုပ်၏နေရင်းဌာန ရန်ကုန်မြို့သို့သာ ပြန်ခဲ့ရတော့ကြောင်း။

သို့ရာတွင် တစ်လခွဲခန့်မျှကြာသောအခါ ရှမ်းပြည်မှ ပေးပို့လိုက်သော ဒေါက်တာတင့်ဆွေထံမှ ပါဆယ်ထုပ်ကြီးတစ်ခုကို ကျွန်ုပ် လက်ဝယ်ရရှိ၏။ ဖွင့်ဖြေ၍ ကြည့်လိုက်သောအခါ...

(၁) အီးဗနင်းအင် ပဲရစ်ခေါ် ပြင်သစ်ပြည်လုပ် ရေမွှေးပုလင်းတစ်လုံး၊ (အတွင်း၌ ရေမွှေးမရှိ၊ ပြာနှင့်တူသော အမှုန့် အတိ

mgyoe.com

mgyoe.com


ပြီး၏။)

(၂) ပိုးအိတ်ငယ်တစ်ခု၊ (ကွမ်းသီးခြောက် နှစ်လုံးမျှ ဝင်နိုင်၍ အလွန်နူးညံ့ချောမွတ် ပြီး အသွေးမှာ ဝါရွှမ်းသည်။ သို့သော် လည်း ဆွေးသယောင်ယောင်ရှိ၏။)

(၃) ဖခင်က သမီးအတွက် သေတမ်းစာရေး ထားသည်နှင့် တူသော စာတစ်စောင်၊

(၄) မျက်နှာ ၁၀၀ ကျော်ရှိ စာအပြည့်ပါသော ဖူးစကက်စက္ကူ တစ်လိပ်။

အထက်ပါလေးခုနှင့်အတူ ကျွန်ုပ်အတွက် စာ တစ်စောင်ပါသေးရာ...

ကိုမင်းဆွေခင်ဗျား...

ပူးတွဲပါပစ္စည်းလေးမျိုးအနက် သုံးမျိုးကို တွေ့ရခြင်းအားဖြင့် မိတ်ဆွေကြီး စိတ်ရှုပ်ရလိမ့် မည်ဟု ယူဆပါသည်။ သို့ရာတွင် မျက်နှာ ၁၀၀ ကျော်ရှိ စာတမ်းကြီးကို ဖတ်ကြည့်က သံသယ ကင်းရှင်းဖွယ်ရှိ၏။ ထိုကော်ပီသည် ကျွန်တော်၏ ဆန်းကြယ်သော အကြောင်း အရာပင်ဖြစ်ရာ ဝတ္ထုသဖွယ် အစီအစဉ်နှင့် ရေး ထားပါသည်။ ကျွန်တော်မှာ စာရေးဆရာ

mgyoe.com

mgyoe.com


တစ်ယောက် မဟုတ်၍ အနည်းငယ် ချွတ်ယွင်း
တိမ်းပါးချက်များ ရှိကောင်းရှိမည်ဖြစ်၍
ပြင်တန်ကပြင်ပါ။ ဤကော်ပီသည် မိတ်ဆွေ
၏တောင်းဆိုချက်ကို ဖြည့်စွမ်းခြင်းပင်ဖြစ်၏။
မိတ်ဆွေ အစအဆုံး ဖတ်ရှုပြီးသောအခါတွင်
ကျွန်တော့်အား သတ္တိနည်းသူတစ်ယောက်ဟု
ယူဆပေတော့မည်။ အကယ်၍ ကျွန်တော့်
နေရာ၌ တစ်ဦးတစ်ယောက်သာ ဖြစ်ပါမူ ကျွန်
တော်ကဲ့သို့ ဖြစ်မည်ကား မလွဲပေ။ ကျွန်တော်
မကြာမီ ရန်ကုန်သို့ လာဖြစ်လိမ့်မည်ဟု ထင်ပါ
ကြောင်း။

ဒေါက်တာတင့်ဆွေ

အထက်ပါစာအရ သေသပ်စွာရေးထားသော
ကော်ပီကြီးကို စတင်ဖတ်ရှုကြည့်ရာ ကိုတင့်ဆွေသည်
ကိုယ်တွေ့အဖြစ်နှင့်မဟုတ်ဘဲ စိတ်ကူးဉာဏ်နှင့် ရေး
နည်းမျိုးကဲ့သို့ ၎င်းကိုယ်ကို ဇာတ်လိုက်တစ်ဦးအဖြစ်၌
တည်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ဤကဲ့သို့
လျှို့ဝှက် ဆန်းကြယ်သောအကြောင်းအရာများကို စိတ်
ဝင်စားတတ်သော ဝါသနာအတိုင်း...။ ။

mgyoe.com

mgyoe.com

# အခန်း (၁)

အချိန်မှာ ည ၁၀ နာရီမျှ ရှိ၍ ရန်ကုန်မြို့၊ တရုတ်တန်းရပ်ကွက် ကြီးသည် ဓာတ်မီးရောင်ချင်း ရောယှက်၍နေလေ၏။ *ဒါလဟိုဇီလမ်း၏ တစ်ဖက်တွင် 'အွန်လောက်' ခေါ် တရုတ်ဟိုတယ်ကြီးသည် စည်ကားရှုပ်ပွေ သွားလာနေကြသော မော်တော်ကား၊ ဓာတ်ရထား၊ လန်ချားနှင့် လှုပ်ရှားနေသည့် လူအများကို မားမားမတ်မတ် ရပ်ကြည့်နေသကဲ့သို့ ရှိ၏။

ဟိုတယ်၌ လူ ၂၀၊ ၂၅ မျှရှိပြီး အသီးသီး ဝိုင်းဖွဲ့ကာ ထိုင်နေကြသော်လည်း ပျော်ရွှင်ဆူညံသော အရိပ်အယောင် လုံးဝမတွေ့ရချေ။ ထိုအထဲတွင် လူ

---

* မဟာဗန္ဓုလလမ်း

mgyoe.com

mgyoe.com


တစ်ယောက်မှာ ကြောက်မက်ဖွယ်ရာ တင်းမာသော မျက်နှာဖြင့် ဟိုဟိုဒီဒီကြည့်နေသည်ကို တွေ့ရလေ၏။

"အားလုံးငြိမ်နေကြ၊ တစ်ယောက်မှ မလှုပ်နဲ့၊ ချက်ချင်းသေကုန်မယ်၊ ကျုပ် ဘယ်သူဆိုတာ မျက်နှာ သေသေချာချာကြည့်"

ထိုလူ၏အသံမှာ ပြင်းထန်ကြောက်မက်ဖွယ်ရာ ကောင်းသည်ဟုထင်ရသော်လည်း အများဆုံး အသက် ၃၀ ကျော်ကလေး၏ပတ်လည်တွင် တည်ရှိမည့်ပြင် ရုပ်ရည်ကား မဆိုးလှ။ အသားဖြူဖြူ၊ အရုပ်အမောင်း ကောင်း၍ လူရည်သန့်ထဲက ဖြစ်၏။ ဝင်းထိန်သော လက်ပတ်နာရီ၊ တောက်ပသော စိန်လက်စွပ်နှင့် အိညှတ်ချပ်ရပ် အသားတွင်ကပ်နေသော ပိုးအင်္ကျီ ကလေးကို ကြည့်ခြင်းအားဖြင့် သာမညလူအတန်း အစားထဲက မဟုတ်ကြောင်း သက်သေခံလျက်ရှိ၏။

သို့သော် ထူးခြားချက်ကား ထိုလူ၏ မျက်နှာ ပေါက်သည်လည်းကောင်း၊ ဝတ်ဆင်ထားသော ပိုး အင်္ကျီ၊ ပိုးဘောင်းဘီသည်လည်းကောင်း မြန်မာလူမျိုး မဟုတ်၊ တရုတ်လိုလို၊ ရှမ်းလိုလို... ဟိုဟိုသည်သည် တွေးစရာ ဖြစ်နေ၏။ ဖြူဖွေးသော နှာတံအောက်၌မူ မထင်ရှားသော နှုတ်ခမ်းမွေးသည် တရေးရေးတန်း၍ နေ၏။

mgyoe.com

mgyoe.com



"ကျုပ်မှာ လက်နက်မပါဘူး၊ ခင်ဗျားတို့ဆီ တော့ ရှိချင်ရှိလိမ့်မယ်၊ ဒါပေမဲ့ ကျုပ်ကို မတရားဘူး ရယ်လို့ထင်ရင် သေနတ်နဲ့ ထပစ်ချင်ပစ်၊ ဓားနဲ့ ထခုတ် ချင်ခုတ်၊ ထင်သလို လုပ်နိုင်တယ်၊ ကျုပ် မကြောက် ဘူး၊ တကယ့်ကို မကြောက်ဘူး" ဟုဆိုကာ ထိုရှမ်းလို လူသည် မနီးမဝေး စားပွဲတစ်ခုတွင် တစ်ယောက် တည်းထိုင်နေသော အသက် ၄၀ ကျော်ခန့်ရှိ ကြွား ကြွားဝါဝါလူကြီးတစ်ယောက် အနီးသို့ ကပ်သွားလေ ၏။ ဘေးပတ်လည်ရှိ လူများမှာကား မီး ရေနဲ့ဖျန်း သကဲ့သို့ ရှိပြီး တဝီဝီလှည့်ပတ်နေသော ပန်ကာအသံ သာလျှင် အခါတိုင်းထက် ပြင်းထန်သည် ထင်ရ၏။

"ခင်ဗျား စောစောက ဟိုဘက်လမ်း ကလပ်ပေါ် မှာ အတော်ပွလိုက်တယ် မဟုတ်လား။ စုစုပေါင်း ခင်ဗျား ၅,၀၀၀ ကျပ်လောက် နိုင်ခဲ့မယ်။ ကျုပ်ကို တစ်ဝက်ပေးခဲ့ပါ။ ၂,၅၀၀ ကျပ်ဆိုတာ မဖြစ်လောက် ပါဘူး။ ခု... ကျုပ်က ကောင်းကောင်းမွန်မွန် တောင်း နေတာကို ခင်ဗျားက ငြင်းပယ်ဆူပူတဲ့အတွက် ဟော ဟိုလူတွေအားလုံးက ကျုပ်ကို ဝိုင်းချကြမလို့။ ကျုပ် ငေါက်လိုက်မှ ငြိမ်သွားကြတာ။ ကဲပါ... အချိန်မရှိဘူး၊ ကျုပ်မှာ ကိစ္စတွေရှိသေးတယ်"

ထိုလူကား ကြောက်လန့်သော အမူအရာ

mgyoe.com

mgyoe.com


လုံးလုံးမရှိ။ ထိုင်နေသူ လူကြီး၏ ကုလားထိုင် အောက်တန်းပေါ်သို့ ခြေတစ်ဖက်တင်ပြီး ကိုယ်ကို ညွတ်လျက် အေးဆေးစွာ ပြောနေသည်နှင့်အမျှ ငွေ အတောင်းခံရသူမှာ နတ်ပူးသူပမာ တစ်ကိုယ်လုံး တုန် လှုပ် ယမ်းခါ၍နေလေ၏။

ခဏာတွင်ပင် အိတ်ထဲမှ အထပ်လိုက် ချည်၍ ထားသော ငွေစက္ကူလိပ်ကြီးကိုထုတ်ကာ ရှေ့တွင်ရှိ သော ကျောက်စားပွဲပေါ်သို့ တစ်ချပ်ပြီးတစ်ချပ် တုန် တုန်ယင်ယင် ရေတွက်ဖြန့်ချလေ၏။

ရှိသမျှလူအားလုံးမှာ ထိုနေရာသို့ ငြိမ်သက်စွာ စူးစိုက်နေကြသော်လည်း တောင့်တောင့်တင်းတင်းနှင့် ပျို့လွင်ချောမောသော မနီးမဝေးရှိ လူတစ်ယောက် သည် အများကဲ့သို့ လျစ်လျူရှုနိုင်ဟန်မရှိ။ လက်နက် တစ်စုံတစ်ရာမပါဘဲ ကြောက်လန့်စရာအလျှင်းမရှိ သော လူတစ်ယောက်က အခြားတစ်ဦးတစ်ယောက် အပေါ် မတော်တလျော် ပြုမူခြင်းကို မရှုဆိတ်နိုင်သဖြင့် ထိုင်ရာမှ ငေါက်ခနဲထကာ အနီးသို့ ခပ်သွက်သွက် လှမ်း၍သွားလေ၏။

"ဗျို့... ကိုတင့်ဆွေ၊ ခင်ဗျား ရပ်လိုက်ပါ။ မလှုပ် နဲ့၊ ဟိုမှာထိုင်" ဟု ရှမ်းလိုလူက ပြတ်သားမာကျော သောအသံဖြင့် ဆီး၍ဟန့်လိုက်ရာ 'တင့်ဆွေ' အခေါ်

mgyoe.com

mgyoe.com


ခံရသော ယောကျ်ားပျိုသည် မည်သို့ဖြစ်သွားသည် မသိ၊ သွေးကြောတွေ ရပ်ဆိုင်းကုန်သကဲ့သို့ မကြာမီ ပင် ထောင့်တစ်နေရာ၌ ထိုင်မိလျက်ဖြစ်နေလေ၏။

တစ်အောင့်မျှ ကြာသွားသောအခါ ရှမ်းနှင့် တူသူသည် ငွေစက္ကူအားလုံး သိမ်းကျုံးယူလိုက်ပြီး "ကိုင်းဗျာ... မထူးပါဘူး။ ခင်ဗျား သေရမယ့်လူပဲ။ အားလုံးသာ ထားရစ်ခဲ့ပါတော့။ ကဲ... ကဲ... ခင်ဗျား အသက် ကျုပ်ကိုပေး၊ ဟုတ်လား။ ခင်ဗျာ့အသက် ကျုပ်ကိုပေး" ဟု ဆိုကာ ထိုင်နေသော လူကြီးအား ပခုံးကို သုံးချက်မျှပုတ်လျက် ငွေစက္ကူများကို အတွင်း အိတ်သို့ အထပ်လိုက်ထိုးထည့်လိုက်ပြီးနောက် ကိုတင့် ဆွေဟု အခေါ်ခံရသူဘက်သို့ လျှောက်၍လာလေ၏။

တင့်ဆွေ ဆိုသူသည် တစ္ဆေသရဲအနီးသို့လာ၍ ရစ်ဝဲသည် ထင်မိ၏။ လျှောက်လာသူကား မိမိနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်ခုကို ဆွဲထိုင်ပြီး နောက်...

"ဟော့... ပေါက်ဖော်၊ ဂျက်ဖရီတစ်လုံး ယူခဲ့" ဟု လှည့်၍ပြောကာ ချိုအေးသောမျက်နှာဖြင့် ပြန် ကြည့်ပြီး...

"ခင်ဗျားနာမည် ကိုတင့်ဆွေ အမှန်ပဲနော်"

"ဟုတ်ကဲ့... တင့်ဆွေပဲ။ ခင်ဗျား ကျုပ်ကို

mgyoe.com

mgyoe.com


သိသလား။ ခင်ဗျားကိုတော့ ဒီတစ်ခါပဲ မြင်ဖူးတယ်"

"ခင်ဗျား ကျုပ်ကို အတော်စိတ်ဆိုးသလား"

တင့်ဆွေသည် အဖြေမပေးချေ။ ရီဝေသော မျက်လုံးဖြင့် ပြန်ကြည့်၍ နေလေသည်။

"ပြောပါဦး၊ ခင်ဗျား ကျုပ်ကို အတော်စိတ်ဆိုး သလား"

"မဆိုးပါဘူး၊ ဘာဆိုးစရာရှိသလဲ"

"နို့... ခုတင်ကတော့... ကျုပ်ကို နှံမလို့မဟုတ် လား"

"အေးဗျာ... လူကြီးကို သနားပြီး ရုတ်တရက် ဒေါသထွက်မိတယ်၊ ကျုပ် တောင်းပန်ပါတယ်"

"ဘယ့်နှယ် ခင်ဗျားစိတ် ခဏအတွင်း ပြောင်း လဲသွားတယ်။ ခုတော့ နူးညံ့လှချေကလား"

တင့်ဆွေသည် ထိုစကားကို စိတ်ထဲမှ ဝန်ခံ၏။ စင်စစ်သော်ကား ထိုသူအား မေတ္တာစိတ်အလျှင်း မရှိချေ။ မတရားပြုမှုချက်ကို သိရှိလျက်နှင့်ပင် ထိုလူ အား မတရားသူဟု ထုတ်ဖော်ပြောဆိုရမည်မှာ အဘယ့်ကြောင့် တစ်ဆို့နေသည်ကို စဉ်းစားမရဘဲ ရှိလေ၏။

ထိုအခိုက် စားပွဲပေါ်သို့ ဂျက်ဖရီတစ်လုံး ရောက်၍လာရာ ထိုလူသည် ဖန်ခွက်ထဲ လောင်း

mgyoe.com

mgyoe.com



ထည့်ပြီးနောက် ဖန်ခွက်အောက်ပိုင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် လက်ကို ပါးစပ်အနီး မြှောက်ယူပြီးမှ မော့မချသေးဘဲ "အမယ် ကံကောင်းလို့၊ သတိလစ်သွားတယ်" ဟုပြောကာ ပါးစပ်တွင်းမှ တစ်စုံတစ်ခုကို နှိုက်ထုတ်လိုက်ပြီး အိတ်ထဲသို့ ထည့်သွင်းလိုက်လေ၏။

"သောက်ပါဦးလား၊ ခင်ဗျား မသောက်ရသေးဘူး ထင်တယ်"

"တော်ပါပြီ... မသောက်ပါရစေနဲ့"

အသံများသည် တိတ်ဆိတ်၍နေ၏။ တင့်ဆွေသည် ထိုလူအား မကြည့်ချေ။ ဇဝေဇဝါနှင့် အတွေးတွေ ခေါင်း၍နေ၏။

ထိုအခိုက်တွင်ပင် ငွေအတောင်းခံရသူ လူကြီးသည် ထိုင်ရာမှ ထရပ်လေ၏။ မိမိထံမှ မရမက ငွေတောင်းယူသူကိုကား မကြည့်။ ရှေ့တည့်တည့်သို့ စူးစိုက်ကာ ခြေကိုလေးလံစွာ လှမ်းပြီး လှေကားမှ ဆင်းစပြုလေ၏။

လှေကားမှာ အဆင့်ပေါင်းများစွာရှိသဖြင့် လေးလံသောခြေသံကို အတော်ကြာစွာ ကြားနေရလေ၏။ သို့ဖြင့် ခြေသံလုံးလုံးပျောက်ကွယ်သွားတော့မှ တင့်ဆွေသည် အသက်ဝင်လာသလို မျက်နှာချင်းဆိုင် ထိုင်နေ

mgyoe.com

mgyoe.com



သူအား လှည့်ကြည့်မိရာ...

"ဘာတုံး... ကျုပ် မတရားဘူးလား"

"သနားစရာဗျာ၊ ငွေ ၅,၀၀၀ ကျပ်လုံး ယူထားတာ မတော်ဘူး ထင်တယ်။ အနည်းအကျဉ်းဆို မထောင်းတာဘူးပေါ့"

"ခင်ဗျားမှမသိဘဲ။ ခင်ဗျား ဒီအပေါ်ကို ခုတင်ကမှ ရောက်တာ။ စောစောက ၂,၅၀၀ ကျပ် ပေးပါလို့ အေးအေးဆေးဆေး တောင်းနေတယ်။ သူ ခေါင်းမာနေတာမှ ခင်ဗျား မမြင်ဘဲကိုး။ အေးအေးသက်သာ ပေးရင် ကျုပ် ဘာစိတ်ဆိုးစရာရှိမလဲ။ ကျုပ် ဒေါသထွက်ထွက်နဲ့ ရက်စက်လိုက်မိပြီ။ အခု နှုတ်လွန်သွားပြီ"

"ဘာနှုတ်လွန်သွားတာလဲ"

"မကြာခင် သိရမပေါ့။ ဒါထက်နေပါဦး၊ ကျုပ်ကို ညှဉ်းပန်းနှိပ်စက်သူတစ်ယောက်ဆိုပြီး ခင်ဗျားမှန်းတီးနေသလား"

"ဒီဟာ ခင်ဗျားစဉ်းစားနိုင်တာပဲ"

"ကျုပ် မတရားမှန်း ကျုပ်သိတယ်။ ဒါပေမဲ့ ကျုပ် မတရားတာကို မတရားဘူးထင်တဲ့လူကို ကိုယ့်အသက်ကိုယ် မနမြောဘူးလားလို့ မေးလိုက်ချင်တာပဲ"

mgyoe.com

mgyoe.com


"ခင်ဗျား သတ်ပစ်မယ်ဆိုပါတော့"

"ဟုတ်ချင် ဟုတ်လိမ့်မယ်။ နို့... နေပါဦး၊ ခုလို ခင်ဗျားမေးတာ ခင်ဗျားအသက် ကျုပ်ကို ပေးနိုင်မှာ မို့လား"

တင့်ဆွေသည် ဒေါသ ထောင်းခနဲ ထ၍ လာလေ၏။ သို့သော်လည်း နိုင်သမျှ ချုပ်တည်းကာ အောင့်အည်းငြိမ်သက်နေရ၏။ သို့ အောင့်အည်း ငြိမ်သက်နေရခြင်းသည် မိမိစိတ်ကို မိမိနိုင်၍လော၊ ထိုလူ၏စိတ်ကို မိမိမနိုင်၍လောဟု ဝေခွဲမရချေ။

"ဒါပေမဲ့ဗျာ... ခင်ဗျားကို ဒီမှာတွေ့ရတာ အင်မတန်ဝမ်းသာတယ်။ ဒီလိုနေရာမှာ လာတွေ့ပြီး အသိအကျွမ်းဖြစ်ရမယ်လို့လည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ကျုပ်ကို ခင်ခင်မင်မင် သဘောထား နိုင်မလား"

တင့်ဆွေသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ နေလေ၏။

"ခင်ဗျားကို တိုက်လခမပေးနိုင်လို့ အိမ်ရှင်က မောင်းချဖူးသလား"

"ခင်ဗျား ဘယ့်နှယ်သိသလဲ"

တင့်ဆွေသည် ပြုံးကျယ်အံ့သြသော မျက်နှာဖြင့် စေ့စေ့ကြည့်၍ နေလေ၏။

mgyoe.com

mgyoe.com


"မှန်ရဲ့မဟုတ်လား.... ခင်ဗျား ကျုပ်ကိုမသိပေမဲ့ ခင်ဗျားကို ကျုပ် သိတယ်။ ဒါထက် မေးဦးမယ်၊ ခင်ဗျား ရေကျော်၊ ကရိလမ်းထဲမယ် နေတယ်မဟုတ်လား"

တင့်ဆွေသည် ခေါင်းကို ဆတ်ခနဲညိတ်ပြီး

"ခင်ဗျား ဘယ်လိုသိသလဲ" ဟု ထပ်မေးလေ၏။

"နေပါဦး၊ မနေ့ည ၇ နာရီအချိန်မှာ အိမ်ရှင်က ခင်ဗျားဆီ အိမ်ခသုံးလအတွက် အော်ကျော်ဟစ်ကျော်နဲ့ လာတောင်းနေတယ် မဟုတ်လား"

"ခင်ဗျား ဘယ်ဆီရှိသလဲ"

"ဒီတုန်းက ခင်ဗျားနဲ့ အပြန်အလှန် စကားများကြသေးတယ်။ အခု ခင်ဗျားဟိုတယ်ကိုရောက်လာတာ စိတ်ညစ်ညစ်နဲ့ အရက်လာသောက်တာ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ် အိမ်တံခါးပိတ်ခဲ့ပြီး တမင်ရှောင်ထွက်လာတာ ဖြစ်ချင်ဖြစ်မယ်။ တစ်ခုခုတော့ အမှန်ပဲ။ အခု ခင်ဗျား အိမ်တံခါး သော့ခတ်ခဲ့တယ် မဟုတ်လား"

တင့်ဆွေသည် မျက်မှောင်ကြုတ်ကာ "ဒီလူ ဘယ်လိုလူစားမျိုးပါလိမ့်မလဲ၊ လူမှ ဟုတ်ပါလေရဲ့လား" ဟု စဉ်းစားနေလေ၏။ ထိုလူ၏ မေးသမျှမှာလည်း အံ့သြဖွယ် အမှန်ချည်း ဖြစ်၍နေသောကြောင့်...

mgyoe.com

mgyoe.com


"အားလုံးမှန်ပါတယ်၊ ခင်ဗျား ဘယ်လို သိသလဲ၊ တစ်ဆိတ်ဖြေစမ်းပါ"

"ထွေထွေထူးထူး မတွေးပါနဲ့၊ ကျုပ် တစ္ဆေ သရဲ မဟုတ်ပါဘူး၊ သူလိုငါလိုပါပဲ။ မနေ့ညက ၇ နာရီ အချိန် ခင်ဗျားအိမ်ရှေ့ ဆူဆူညံညံ ဖြစ်နေတုန်းက ကျုပ် ရောက်နေတယ်။ ခင်ဗျားမျက်နှာကို သေသေချာ ချာ ကျက်မိတာပေါ့။ အခု ဒီမလာခင် အဲဒီလမ်းကို သွားပြီး ခင်ဗျားကို သွားရှာတယ်။ အိမ်တံခါးပိတ်ထား တယ်။ အခု ဒီမှာ မမျှော်လင့်ဘဲ လာတွေ့ကြတော့ တာပဲ"

"ကျုပ်ကို ဘာကိစ္စနဲ့ ရှာသလဲ"

"ခင်ဗျား ဒီအိမ်လခကို ပြေလည်အောင် မဆပ် ချင်ဘူးလား"

"ခင်ဗျား ပေးမလို့လား"

"ခင်ဗျား မယူတောင် ဇွတ်အတင်းပေးရလိမ့် မယ်"

လူဆိုးက ဘာသဘောနှင့် သူတော်ကောင်း စကားတွေ ပြောနေသည်ဟု တွေးမရ။ သူတစ်ပါးထံမှ ငွေအမြောက်အမြားကို မသနား မညှာတာ အေးစားပြု တိုက်၍နေသူတစ်ယောက်က မိမိအား စောင့်ရှောက် မည့် စကားသံတွေကို ကြားရသောအခါ မိမိအား

mgyoe.com

mgyoe.com


တမင်ခေါင်းရှုပ်အောင် အရှုးလာ၍လုပ်သည်နှင့် တူနေလေ၏။

"ခင်ဗျား ငွေ ဘယ်လောက်လိုချင်သလဲ"

တင့်ဆွေထံမှ စကားပြန်မရ။ တကယ်ပေးသည့် တိုင်အောင် သူတစ်ပါး မျက်ရည်ယိုမှ ကိုယ်ရေးလှပြီး ဓမ္မိယလဒ္ဓ မဟုတ်သော ပစ္စည်းများကို မည်သည့် နည်းနှင့် လက်ခံယူငင်ရမည်နည်း။ မိမိမှာ ဘ၀ ဒါန အကျိုးဆက် ညံ့ဖျင်းမှုကြောင့် ယခုဘ၀၊ ယခုအခါတွင် ပစ္စည်းပျက်ပြုန်း လူလုံးမလှ၊ ရုတ်တရက် အောက် တန်းကျခဲ့ခြင်းဖြစ်၍ သူတော်ကောင်း ဆင်ခြင်ဉာဏ် အတွင်းခံရှိသော တင့်ဆွေမှာ ဝန်လေးသော ပြဿနာ ကြီး ဖြစ်၍နေလေ၏။

"ပြောပါ၊ အားမနာပါနဲ့၊ ဘာတုံး.... ခင်ဗျား က ဒီငွေကို မစင်ကြယ်ဘူးဆိုပြီး မလိုချင်တာလား။ ဒီငွေအပြင် ကျုပ်မှာ အများကြီး ရှိသေးတယ်၊ ဟောဒီမှာ ကြည့်..."

သားရေအိတ်တစ်ခုကို ဆွဲထုတ်ပြီး တင့်ဆွေ ရှေ့ မှောက်ပြရာ ငွေစက္ကူလိပ်ကြီးမှာ အနည်းဆုံး ၁၀,၀၀၀ ခန့်ရှိကောင်းရှိမည်ဟု ခန့်မှန်းရ၏။ 'ငွေနှင့် မိန်းမ စပ်လျဉ်းက ရိုးကြသူပင် ဆန်းစမြဲတည်း' ဆိုသော စကားသည် ကိလေသာကုန်ခန်း မဂ်နန်းခိုမှီး

mgyoe.com

mgyoe.com


လောဘသက္ကာယ မီးငြိမ်းသူတို့မှလွဲ၍ ၃၁ ဘုံတွင် ကျင်လည်သူတိုင်းအတွက် ပေါ်ပေါက်လာခြင်း ဖြစ်ရာ ထိုစကားမှာ တင့်ဆွေတစ်ယောက်အား ချန်လှပ်ခဲ့မည် မဟုတ်ပေ။ 'မစားရ ဝခမန်း' ဆိုသကဲ့သို့ မိမိရှေ့ရှိ ငွေပုံကို လောဘအဟုန်နှင့် ကြည့်ရင်း ရက်ကန်းစင်အောက် အသပြာထုပ်ကို သူတစ်ပါး လာမြှုပ်သွားရုံနှင့် မာန်ဟုန်တက်ကြွနေသော 'သောမနဿ' ကဲ့သို့ ဖြစ်၍နေလေ၏။

"ကျုပ်ကို အားမနာနဲ့နော်၊ ခင်ဗျား ငွေ ဘယ်လောက်အလိုရှိသလဲ၊ ဒါထက် ခင်ဗျားအလုပ်ဟာ ဒီလမ်း၊ ဒီအိမ်နဲ့ ငွေဝင်လမ်းဖြောင့်ရဲ့လား"

"ကျုပ် ဘာအလုပ်လုပ်တယ်ဆိုတာ ခင်ဗျား သိလား"

"သိပြီလားဗျာ၊ နာမည်တောင် သိလို့ခေါ်နေမှ၊ ခင်ဗျာ့အိမ်ရှေ့မှာ (ဒေါက်တာတင့်ဆွေ၊ သွားနှင့် စပ်လျဉ်း၍ အထူးကျွမ်းကျင်သည်) ဆိုတဲ့ ဆိုင်းဘုတ်ကလေး ရှိနေတာပဲ"

တင့်ဆွေသည် ထိုလူ၏ လိမ္မာပါးနပ် အကဲခတ်ကောင်းမွန်သည်ကို အလွန်အကြူး စိတ်ထဲမှ ချီးမွမ်းမိစဉ်...

"ဟုတ်ကဲ့မဟုတ်လား၊ ဒီအလုပ်မျိုးဟာ ဒီနေရာ

mgyoe.com

mgyoe.com


နဲ့ ဘယ်ကိုက်မလဲဗျ၊ ဒါကြောင့် ခင်ဗျား ငွေရေးကြေးရေး ကျပ်တည်းနေတာပေါ့။ ကဲလေ... ခင်ဗျားအခုလက်ငင်း ဘယ်လောက်အသုံးရှိသလဲ၊ လိုသလောက်ပြောပါ"

အဘယ်နည်းဖြင့် မိမိအပေါ် ဤမျှ စေတနာရက်ရောနေသည်ကို တွေးမရသည့်ပြင် လက်တွင်ဆုပ်ကိုင်ထားသော ငွေစက္ကူအလိပ်ကြီးမှာလည်း တင့်ဆွေ၏ အသည်းနှလုံးကို ဆွဲကျုံးလှုပ်ခါ၍ နေလေ၏။

ငွေအတောင်းခံရသူ လူကြီးကား ဟိုတယ်ပေါ်မှဆင်းသွားသည်မှာ ၁၀ မိနစ်မျှ မကြာသေးပေ။ ယခုမျက်မှောက်၌ ရှိနေသူသည် ဤနည်းမျိုးဖြင့် လူပေါင်းမည်မျှ ညှဉ်းဆဲခဲ့ပြီနည်း။ ဤမျှများပြားစွာ ထုတ်ပြသောငွေများလည်း မည်သူတွေထံမှ ရယူခဲ့လေသနည်း။ တင့်ဆွေကား စဉ်းစားတိုင်း ခေါင်းရှုပ်၍နေလေ၏။

ထိုအခါကား ည ၁၀ နာရီခွဲမျှဖြစ်၍ လမ်းဘက်မှ ထွက်ပေါ်လာသော လူသံ၊ သူသံတို့၏ ဆူညံခြင်းမစဲသေးပေ။ ဟိုတယ်ခန်းကျယ်ကြီးရှိ လူများကိုလည်းသတိမရ။ နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်၍နေကြစဉ် 'ဒိန်း' ဟူသော အသံကြီးတစ်ခုသည် ဟိုတယ်ရှေ့မနီးမဝေးမှ ထွက်ပေါ်၍လာလေ၏။

mgyoe.com

mgyoe.com


ရှိသမျှ လူအားလုံးသည် ဟိုတယ်ပြတင်းပေါက်မှ အသီးသီး ထ၍ ငုံ့ကြည့်ကြ၏။ ရှမ်းလိုလူသည် ထိုင်ရာမှထပြီး...

"ဟော... ကိုတင့်ဆွေ ကြားလိုက်ရဲ့လား၊ ဒါ သေနတ်သံပဲ၊ ဟိုဘက်နားက တစ်ခုခုတော့ ဖြစ်နေပြီ၊ ကိုင်း... ကျုပ်လည်း သွားဦးမယ်။ ခင်ဗျားကော အိမ် မပြန်သေးဘူးလား။ ရော့ရော့... ဒါယူရစ်၊ ခင်ဗျား မပြန်သေးလည်း နေဦး"

ငွေစက္ကူလိပ်သည် တင့်ဆွေ၏ အပေါ်အင်္ကျီ အိတ်တွင်းသို့ ရောက်၍လာ၏။ တင့်ဆွေမှာ ကြောင်တက်တက်နှင့် ထိုလူအား မော်ကြည့်၍နေစဉ် "ကျုပ် ပြန်မယ်ဗျာ၊ ခွင့်ပြုပါဦး၊ သြော်... ဒါထက် ကျုပ်ကို မှတ်ထား၊ မျက်စိမျက်နှာ ကျက်မိရဲ့မဟုတ်လား။ ကျုပ် ဟာ ရှမ်းလူမျိုးပဲ။ ဒါပေမဲ့ အမေက မြန်မာ၊ ရှမ်းအစစ် မဟုတ်ပါဘူး။ နာမည်က 'စောဘုန်းဝေ' တဲ့" ဟုပြောကာ ဆိုကာ လှေကားဘက်သို့ လျှောက်သွားပြီး ဖြည်းညင်းစွာ ဆင်း၍သွားရာ တင့်ဆွေသည် ခြေသံကို နားထောင်ရင်း ပါးစပ်မှ 'စောဘုန်းဝေ စောဘုန်းဝေ' ဟု ရွတ်ဆိုမိလေ၏။ မိမိကိုယ်ကိုလည်းမိမိ မသင်္ကာ ဘဝကူးသလို ဖြစ်၍နေလေ၏။

* * *

mgyoe.com

mgyoe.com

## အခန်း (၂)

ထိုအခိုက် သေနတ်သံကြားရာသို့ ထွက်၍ ကြည့်သော လူတစ်စုမှာ စောဘုန်းဝေဆိုသူကို သတိရ၍ လှည့်ကြည့်ကြရာ၌ ထိုင်နေသော နေရာတွင် မတွေ့ရတော့သဖြင့် တင့်ဆွေအနီးသို့ ပျာပျာသလဲ ဝိုင်းအုံလာကြပြီး အကျိုးအကြောင်းကို ဆူညံစွာ မေးကြလေ၏။

တင့်ဆွေမှာ စောဘုန်းဝေ ပေးသွားသော ငွေစက္ကူအလိပ်ကို အိတ်ထဲမှ မပေါ်ထွက်စေရန် လက်ဖြင့် အမှတ်မဲ့ဖိပြီး "မသိပါဘူးဗျာ၊ ဘယ်လို လူရယ်မပြောတတ်ဘူး၊ သူ့ကြည့်ရတာ အရူးလိုလို ဖြစ်နေတာပဲ" ဟု တော်ရုံလျော်ရုံပြောပြီး လူကြားမှ တိုးထွက်၍ ဆင်း

mgyoe.com

mgyoe.com


ခဲ့လေ၏။

စောဘုန်းဝေအား အရူးလိုလိုဟု တော်သင့်ရုံ ပြောရသော်လည်း မိမိ၏စိတ်၌ စောဘုန်းဝေ တကယ် ရူးများနေရော့သလားဟု သင်္ကာမကင်းပေ။ သို့သော် လည်း တွေးတောနေရန် အခါမဟုတ်သောကြောင့် ခပ်သုတ်သုတ်ဆင်းလာရာ ဟိုတယ်ရှေ့သို့ ရောက် သည်တွင် မနီးမဝေး၌ လူပေါင်းများစွာ တိုးဝှေ့၍ ကြည့်ရှုနေကြသည်ကို တွေ့ရသဖြင့် မကြာမီက သေနတ်သံနှင့် ပတ်သက်နေရော့သလားဟု အနီးသို့ ကပ်၍ သွားလေ၏။

လူများ၏နောက်မှ ခြေဖျားထောက်၍ ကြည့်မိ သည်တွင် မီးတိုင်တစ်တိုင်အောက်၌ လူတစ်ယောက် မှာ ခြောက်လုံးပြူးသေနတ်ကို ဆုပ်ကိုင်ရင်း သွေးကွက် ထဲ၌ လဲနေသည်ကို တွေ့ရသောကြောင့် တင့်ဆွေ ပါးစပ်မှ ဟာခနဲဖြစ်၍သွားကာ ခေတ္တမျှ ငြိမ်သက် တွေဝေ ကြက်သေ သေ၍နေလေ၏။

အကြောင်းမူ လဲနေသူမှာ ဟိုတယ်ပေါ်တွင် ရှိသမျှငွေ ၅,၀၀၀ လုံးကို စောဘုန်းဝေ လက်တွင်းသို့ အပ်နှင်းလိုက်ရပြီး စိတ်ပျက်စွာ ဆင်းထွက်လာခဲ့သူဖြစ် သည့်ပြင် ယခုကဲ့သို့ သွေးကွက်ထဲတွင် ပက်လက် လဲနေပုံနှင့် ခြောက်လုံးပြူးသေနတ်ကို ဆုပ်ကိုင်ထားပုံ

mgyoe.com

mgyoe.com

ကို ကြည့်ခြင်းအားဖြင့် မိမိကိုယ်မိမိ အဆုံးသတ် စီရင်လိုက်ဟန် တူလေ၏။

ရေပူစမ်းလို နီလျှမ်းလတ်ဆတ်ပြီး အဆက် မပြတ် တိုးထွက်နေသော သွေးများမှာ တစ်ကိုယ်လုံး လည်း ရစရာမရှိ။ ဒဏ်ရာမှာ ရင်ဘတ် အရှိုက်တည့် တည့်တွင်လည်း ဖြစ်နေသောကြောင့် ခန္ဓာကိုယ်နှင့် အသက် အဆက်ပြတ်၍နေပြီမှာ ယုံမှားဖွယ်မရှိချေ။ ဧကန္တ ထိုလူကြီးမှာ စောဘုန်းဝေ၏ နှိပ်စက်ညှဉ်းပန်း မှုကြောင့် ယခုကဲ့သို့ စိတ်ညစ်ညစ်နှင့် သတ်သေသည် ဟူ၍ ယူဆတွေးခေါ် ထိုလူကြီးအပေါ် အတော်ပင် သနားကရုဏာ ဖြစ်မိလေ၏။

သို့သော်လည်း မိမိအိတ်ရှိ မတွေးခေါ်၊ မမျှော် လင့်ဘဲနှင့် နင့်နေအောင်ရခဲ့သော ငွေကို သတိပြန်ရ သောအခါ ထိုလူကြီးသေဆုံးမှုတွင် မိမိအပေါ်၌လည်း သွယ်ဝိုက်သောနည်းဖြင့် ပတ်သက်လာနိုင်သည်ဖြစ် သောကြောင့် တာရှည်မကြည့်နိုင်တော့ဘဲ အိမ်ဘက် သို့သာ ခပ်သွက်သွက် လှမ်းထွက်ခဲ့လေ၏။

အိမ်သို့ရောက်သည့်တိုင်အောင် မည်သည့် အဖြစ်မျိုးဟု မတွေးနိုင်။ ကုလားထိုင်တစ်လုံးကို ဆွဲ ထိုင်ရင်း မကြာမီအတွင်းက လက်ငင်း ပက်ပင်း ကြုံ တွေ့ရသမျှသည် မျက်စိထဲ၌ အရိပ်ပြသလို ပေါ်၍
mgyoe.com

mgyoe.com



နေလေ၏။

မိမိကိုယ်မိမိ သေနတ်ဖြင့် အဆုံးသတ်သွားသူ လူကြီးနှင့် စောဘုန်းဝေ၏ မျက်နှာကို မကြာမကြာ တွေးထင်မိလေ၏။ သေချာစွာ စဉ်းစားပြန်သောအခါ တွင် ထိုလူကြီးသေဆုံးမှုမှာ မိမိကိုယ်မိမိ သေကြောင်း ကြံစည်မှုဟုဆိုနိုင်၍ ဂရုစိုက်စရာ မဟုတ်စေကာမူ ဟိုတယ်ပေါ်တွင် သေဆုံးသူထံမှ ငွေ ၅,၀၀၀ တောင်း ယူစဉ်အခါက "မထူးပါဘူးဗျာ၊ ခင်ဗျား သေရမယ့် လူပဲ။ ကဲ... ကဲ... ခင်ဗျားအသက် ကျုပ်ကိုပေး" ဟု တည်တည်ကြီးပြောလိုက်သော စောဘုန်းဝေ၏ စကား များကိုစဉ်းစားမိပြန်သောအခါ တင့်ဆွေမှာ တစ်ခေါင်း လုံး ရှုပ်ပွေမူးနောက်၍ သွားလေ၏။

ထိုစကားနှင့် အဆိုပါငွေတောင်းခံရသူ လူကြီး သေဆုံးရခြင်းမှာ များစွာသက်ဆိုင်၏။ သို့သော်လည်း စောဘုန်းဝေက "ခင်ဗျားအသက် ကျုပ်ကိုပေး" ဟု ပြောရုံမှတစ်ပါး ထိုလူကြီး သေဆုံးရာတွင် ကိုယ်ထိ လက်ရောက် ကာယကံမြောက်အောင် တစ်စုံတစ်ရာ မပြုခဲ့ချေ။ ထိုကိစ္စ၌ သေသူ၏ သေနတ်သံကြား ရသောအချိန်တွင် စောဘုန်းဝေ ဟိုတယ်အပေါ်ထပ် မိမိမျက်မှောက်တွင် အထင်အရှားရှိနေသေးကြောင်း အသေအချာ သိရ၏။

mgyoe.com

mgyoe.com


ထိုလူကြီးမှာ ဟိုတယ်အပေါ်မှဆင်းပြီး မကြာမီ သေဆုံးရ၏။ စောဘုန်းဝေကလည်း "ခင်ဗျား သေရမယ့်လူပဲ" ဟု ပြောခဲ့၏။ အဘယ်အကြောင်းကြောင့် ကြိုတင်သိမြင်သနည်း။ ထိုစကားကို အဘယ်ကြောင့် ပြောလေသနည်း။ တင့်ဆွေကား အတွေးမပေါက်ချေ။

ထိုကတစ်ဖန် အိတ်ထဲတွင်ပါလာသော ငွေစက္ကူအလိပ်ကြီးကို သတိရလာပြီး တုန်ယင်လှုပ်ရှားသော လက်များနှင့် နိုက်ယူ ရေတွက်မိပြန်သောအခါ မိမိတစ်သက်နှင့်တစ်ကိုယ် ဘယ်အခါကမှ မကိုင်ဖူးသော အခြေမျိုးဖြစ်ကြောင်းကို သိရလေ၏။

ငွေကား မနည်းလှချေ။ ရာတန်၊ ဆယ်တန်များဖြင့် ရောပြွမ်းကာ စုစုပေါင်း ၇,၀၀၀ ကျော်မျှ ရှိလေ၏။ မလင်းမမှိန် အားရှိသရွေ့ တောက်ထိန်နေသော မီးရောင်အောက် စားပွဲပေါ်တွင် စုပုံလျက်ရှိသော ငွေများအကြားမှ စောဘုန်းဝေ၏ ခံ့ညားကြည်လင်သော မျက်နှာသည် ပြတ်သားစွာ ပေါ်၍လာလေ၏။

စောဘုန်းဝေကား သူတစ်ပါးအပေါ် မတော်မလျော် ရက်စက်ဝံ့သလောက် မျက်နှာပေါက်မဆိုးလှချေ။ မိမိအပေါ်၌ လောကဝတ်ပျူငှာ ချိုသာစွာ ပြောဆိုသည့်အပြင် နှစ်ပေါင်းများစွာက သိကျွမ်းရင်းနှီးခဲ့ဖူးသော မိတ်ဆွေကြီးအလား အသုံးအစွဲကျပ်တည်း

mgyoe.com

mgyoe.com


ခိုက် ရက်ရောလိုက်ပုံ။ မိမိနေထိုင်ရာ အိမ်သို့လာ၍ တစ်ယောက်အကြောင်း တစ်ယောက်မသိရဘဲ လာရောက်ရှာဖွေပုံမှာ အဘယ်ကိုအကြောင်းပြု၍ ဘယ်ကိစ္စတစ်ခုကြောင့် ဖြစ်သည်ကို အစရှာမရအောင် သွက်ချာပါတော လည်၍နေလေ၏။

သို့ဖြင့် တစ်စတစ်စ ညဥ့်နက်ပြီး ရခဲ့သမျှ ငွေများကို ကျစ်လျစ်စွာ သိမ်းဆည်းလျက် အိပ်ခန်းထဲသို့ဝင်ကာ ထိုငွေမှာ မိမိအဖို့ ကောင်းကျိုး၊ ဆိုးကျိုး အဘယ်အခြေမျိုးပေးမည်ကို စဉ်းစားလျက်နှင့်ပင် အရုဏ်ကျင်း အလင်းရောက်တော့မှ အိပ်ပျော်ရလေသတည်း။

* * *

mgyoe.com

mgyoe.com

## အခန်း (၃)

နံနက် မိုးသောက်လျှင်သောက်ချင်း "ဒေါက်… ဒေါက်" ဟူသော တံခါးခေါက်သံကို ကြားရ၏။ တင့်ဆွေသည် အိပ်ရာမှ ငေါက်ခနဲထလျက် အိမ်ရှေ့တံခါးကို သွားရောက်ဖွင့်လိုက်ရာ သတင်းစာတစ်စောင်ကို လက်ကကိုင်ရင်း ပြုံးရွှင်စွာရပ်နေသော စောဘုန်းဝေကို တွေ့ရလေ၏။

"ဩော်… ဩော်… ခင်ဗျား အတော်ကြာပလား ရောက်နေတာ၊ ကျွန်တော်လည်း အိပ်ကောင်းကောင်း ရှိတာနဲ့"

"သတင်းစာတွေက ကျုပ်ကို အတော်ဆိုလိုက်ပါကလား၊ အေးလေ… သတင်းစာဆိုတာ ဒီသတင်း

mgyoe.com

mgyoe.com


မျိုးနဲ့ အသားယူရတာပဲ” ဟု ပြောရင်း သတင်းစာကို ကမ်းပေးသောကြောင့် တင့်ဆွေ လျင်မြန်စွာ လှမ်းယူရင်း လှန်လှောရှာဖွေလေ၏။

သတင်းတစ်ခုလုံးမှာ ဧရာမစာလုံးကြီးများဖြင့် ခေါင်းတပ်ထားပြီး ရေးသားထားသမျှမှာ မိမိကိုယ်တိုင် မျက်မြင်ဖြစ်၍ မထူးခြားလှချေ။ သို့သော် (ထိုလူကြီး မသေဆုံးမီ ရှမ်းလိုလိုလူတစ်ယောက် ငွေ ၅,၀၀၀ ကို လက်ထဲမှ အကုန်သိမ်းယူပြီး “ခင်ဗျားအသက် ကျုပ်ကိုပေး” ဟု အေးဆေးစွာ ပြောလိုက်သေးသည်ဆိုကြောင်း) ဟူ၍ ပါရှိသော စာပိုဒ်ကလေးအတွက် တင့်ဆွေအား မနေ့ညက အဖြစ်အပျက်ကို ကွက်ခနဲပေါ်အောင် ဖန်တီးသလို ဖြစ်ရပြန်လေ၏။

ထို့ကြောင့် စောဘုန်းဝေ၏ မျက်နှာကို စေ့စေ့မော်ကြည့်မိ၏။ စောဘုန်းဝေကမူကား တင့်ဆွေအား ဂရုမစိုက်လှချေ။ ဆေးခန်း၊ လူနာခန်း၊ သွားပြုပြင်ရာ အခန်းများကို ဖြည်းညင်းသော ခြေလှမ်းများဖြင့် လျှောက်၍ကြည့်နေလေ၏။

ထို့နောက် စာအုပ်စင်တစ်ခုအနီးသို့ ရောက်သောအခါ အာသောက ကျောက်စာဘုတ်အုပ်ကို ဆွဲထုတ်ကြည့်ရှုပြီး တင့်ဆွေအနီး ဧည့်ခန်းစားပွဲ ဘေးရှိ ကုလားထိုင်တစ်လုံးကို ဆွဲထိုင်လိုက်လေ၏။ တင့်ဆွေ

mgyoe.com

mgyoe.com


လည်း အလားတူထိုင်ချလိုက်ရင်း စောဘုန်းဝေ၏ ပါးစပ်မှ အထူးအဆန်းတွေ ကြားရနိုးနှင့် မျှော်ကိုး ကြည့်ရှုနေစဉ်...

"ခင်ဗျား... ဗမာစာပေ တော်တော်ခေါက်မိ သလား၊ ဒီကျောက်စာတွေ ကြည့်နေတယ်ထင်ပါရဲ့"

"ဟုတ်ကဲ့... တော်တော်ဖတ်နိုင်ပြီဆိုပါတော့။ ဒါထက် နေစမ်းပါဦး၊ မနေ့ညက သေနတ်နဲ့ ပစ်သတ် သေတဲ့လူကြီးကို (ခင်ဗျား သေရမယ့်လူပဲ) လို့ ပြော တယ်မဟုတ်လား။ ခင်ဗျား ဘယ့်နှယ်သိသလဲ" တင့်ဆွေသည် အံ့သြခြင်းလက်စကြောင့် တိုတိုနှင့် ဖြတ်မေးလိုက်ခြင်း ဖြစ်၏။

"သိတဲ့နည်းရှိလို့ပေါ့။ ဒါထားပါဦး၊ ကျုပ်ပြော လည်း အံ့သြရုံအပြင် ထူးခြားမှာမဟုတ်ပါဘူး။ အခု ကျုပ်လာတာ ခင်ဗျားဆီ အကူ အညီရမလားလို့ လာ တာ၊ ခင်ဗျား ကျုပ်ကို ကူညီဝံ့ပါ့မလား၊ တတ်နိုင် သလောက်တော့ မခဲယဉ်းပါဘူး" ဟုပြောပြီး စောဘုန်း ဝေထံမှ မည်သို့ကြားရမည်နည်းဟု စောင့်ဆိုင်း၍နေ ၏။

ထိုအခါ စောဘုန်းဝေသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားဟန်နှင့် စားပွဲမျက်နှာပြင် ပေါ် အတော်ကြာ ငြိမ်သက်ကြည့်ရှုနေရာမှ "ခင်ဗျား

mgyoe.com

mgyoe.com


သွားနဲ့ပတ်သက်ပြီး အတော်ကျွမ်းကျင်သလား” ဟု မေးလေ၏။

“ဘာပြုလို့တုံး... ကျွန်တော့်လုပ်သက်တော့ အတော်ကြာခဲ့တာပဲ”

“သွားနဲ့ပတ်သက်ပြီး အတော်များများ လူတွေနဲ့ ဆက်သွယ်ဖူးခဲ့တယ်ဆိုပါတော့။ ဒီအထဲ မိန်းကလေး ပေါင်း ဘယ်လောက်များများ ခင်ဗျားဆီ လာဖူးသလဲ”

တစ်အောင့်မျှ တွေဝေသွားရာမှ “ဒါတော့ ဘယ် မှတ်မိမလဲ၊ လုပ်သက်ကလည်း အတော်ကြာနေပြီပဲ၊ အခုတစ်လော မိန်းကလေးထဲက မလာတာ အတော် ကြာနေမင့်ဟာ...” ဟုပြောရာမှ တစ်စုံတစ်ခုကို သတိ ရသကဲ့သို့...

“ဩော်... နေဦး၊ တစ်လောကတော့ မိန်း ကလေးသုံးယောက်လောက် လာဖူးသေးတယ်၊ ကျုပ် ဆီမယ် အမှတ်တရဖြစ်အောင် လာသမျှ ရောဂါသည် နာမည်တွေ စာရင်းသွင်းထားပါရဲ့၊ ဒီမယ် ရေတွက် ကြည့်လည်း သိနိုင်တာပဲ” ဟုပြောကာ ထိုင်ရာမှ ထသွား၍ အံဆွဲတစ်ခုတွင်းမှ စာအုပ်တစ်ခုကို ဆွဲယူခဲ့ လေ၏။

“ဟောဒါပါပဲ၊ အခုလထဲမှာတော့ မိန်းကလေး သုံးယောက်သာ ရောက်တယ်၊ ဒါ သူတို့နာမည်ပဲ”

mgyoe.com

mgyoe.com


စောဘုန်းဝေသည် တင့်ဆွေ လက်ညှိုးထိုးပြရာကို သေချာစွာကြည့်ပြီး ကျေနပ်သော ပြုံးခြင်းဖြင့် "ကျုပ်တွေးရင် လွဲခဲ့တယ် ကိုတင့်ဆွေ" စောဘုန်းဝေ၏ ကြည်လင်သောအသံကို ကြားရသောကြောင့် တင့်ဆွေသည် စောဘုန်းဝေ၏မျက်နှာကို သေချာစွာ မော်၍ ကြည့်နေလေ၏။ ထို့နောက် စောဘုန်းဝေက ဆက်၍

"ဒီမိန်းကလေးကို ခင်ဗျားသိသလား" ဟု မိန်းကလေးသုံးယောက် အမည်များအနက် အလယ်တွင် ရေးထားသော 'စောခင်ထား' ဆိုသူ၏အမည်ကို လက်ညှိုးဖြင့်ထောက်၍ပြရာ တင့်ဆွေက ညွှန်ပြရာကို ကြည့်လိုက်သည်တွင် 'စောခင်ထား' ဟု တွေ့ရသောကြောင့် မကြာမီက လာရောက်ဖူးသော မိန်းကလေး၏မျက်နှာကို ကွက်ခနဲ မြင်မိလေ၏။

တင့်ဆွေ သိရှိခန့်မှန်းချက်အရ အသက် ၂၂-၂၃ နှစ်ထက် ကျော်လွန်ဦးမည်မထင်။ ရုပ်ရည်အသွင်အပြင်မှာ မြင်ရုံနှင့် မှတ်မိနိုင်သော လှပချောမောသူကလေးဖြစ်လေရာ စောဘုန်းဝေ မေးမြန်းလိုက်သော အခါ၌ကား ပြတ်ပြတ်သားသား ပေါ်လွင်ထင်ရှား၍ လာလေ၏။

ထိုသို့ဖြင့် နှစ်ဦးသား တိတ်ဆိတ်ငြိမ်သက်နေ

mgyoe.com

mgyoe.com

ကြစဉ် စောဘုန်းဝေမှာ စားပွဲပေါ် လက်တင်၍ထောက်လိုက်ပြီးနောက် "ဒီနှာမည်ရှင်ကလေးဟာ မြန်မာအမျိုးသမီးကလေးထဲက မဟုတ်ဘူးနော်"

"ဟုတ်ကဲ့၊ သူ့ကြည့်ရတာတော့ ရှမ်းမကလေးနဲ့တူတာပဲ၊ ရုပ်ရည်ကတော့..."

"အတော်ချောရဲ့ မဟုတ်လား၊ ကိုယ်လုံးကိုယ်ဖန် ကော့ကော့ပျံ့ပျံ့ကလေး၊ အသားလည်းဖြူတယ်၊ ကုန်ကုန်ပြောရင် ချစ်ဖို့ သိပ်ကောင်းတယ်ဗျာ၊ ဟုတ်စ။ အမျိုးအနွယ်ကတော့ တူရုံတူတာမဟုတ်ဘူး၊ ရှမ်းမလေးပဲ ဟုတ်ရဲ့နော်"

"ဟုတ်မှာပါပဲ"

"သူ ဒီကို(သွား)နဲ့ပတ်သက်ပြီး အပြအသ လာတာမဟုတ်လား"

တင့်ဆွေသည် ခေါင်းညိတ်၍ ပြလေ၏။

"နေပါဦး၊ သူ့မှာ ထူးခြားချက်များ မတွေ့ဘူးလား၊ ခင်ဗျား သတိထားမိရဲ့လား"

စဉ်းစားတွေဝေနေပြီးနောက်...

"ဒါတော့ သတိမထားပေဘူး၊ သေသေချာချာ ဂရုမစိုက်မိလို့ ထင်ပါရဲ့၊ နို့ နေပါဦး၊ ဒီစောခင်ထားဆိုတာ ခင်ဗျားနဲ့ ဘယ်လို အဆက်အသွယ်များ ရှိသလဲ၊ ဒီအကြောင်းတစ်ခုကြောင့် ခင်ဗျား ဒါကြောင့်

mgyoe.com

mgyoe.com


ကျုပ်ကို ဂရုတစိုက် ပေးကမ်းစွန့်ကြဲတာလား"

"ဒီငွေကို ထည့်မပြောပါနဲ့၊ ကျုပ်မှာ ဒီလောက် ပေးလိုက်ရလို့ ဘာမှ မအောက်မေ့ပါဘူး၊ ခင်ဗျားကို ဒီထက်မက မ,စဖို့ ရှိသေးတယ်။ ဒီတစ်သက် ခင်ဗျား ဆင်းရဲဦးမယ် ထင်သလား"

စောဘုန်းဝေ၏စကားကြောင့် တင့်ဆွေမှာ ဝမ်းသာရမလို၊ ထိုင်ရာမထ ချမ်းသာသွားသလို အောက်မေ့မှတ်ထင် စိတ်ကြီးဝင်၍နေလေ၏။ ထို နောက်မှ သတိထားကာ ကြားရသည့်အတိုင်း ချမ်းသာ ဖို့ရန်မှာ မိမိသည် သူ့အား မည်ကဲ့သို့သော အခက်အခဲ နှင့် ရင်ဆိုင်တွေ့ရပါမည်နည်းဟု စဉ်းစားဉာဏ်ပေါ် လာရင်း...

"မေးပါရစေဦး... ဒီစောခင်ထားဆိုတဲ့ ရှမ်းမ ကလေးဟာ ကျုပ်ဆီလာတယ်ဆိုတာ ခင်ဗျား ဘယ်လို သိလို့ ကျုပ်ကို အပေါင်းအဖော်လုပ်၊ ငွေတွေ မတန် တဆ ထုတ်ပေးတာလဲ၊ ဒီရှမ်းမကလေးလာစဉ်က ခင်ဗျားမြင်သလား"

"ဒီလိုတော့ မမြင်ဘူး၊ ဒါပေတဲ့ ဟောဒီလမ်းထဲ မှာ တစ်ည ရိပ်ခနဲ မြင်လိုက်ရတယ်၊ ဘယ်နေတယ် တော့ မသိဘူး။ ဒါကြောင့် ခင်ဗျားကို မရအရ မိတ်ဖွဲ့ ရတာပေါ့"

mgyoe.com

mgyoe.com


"ဘာဆိုင်သလဲ၊ သူ့ကို ဒီလမ်းထဲ မြင်လိုက်တာနဲ့ ကျုပ်ကို မိတ်ဖွဲ့တာ တခြားစီပဲ"

"ဒါက ကျုပ်သာ အကြောင်းသိတာကိုး၊ သူ့မှာ သွားနဲ့ပတ်သက်ပြီး သွားစိုက်ဆရာ၊ သွားကုဆရာဆီ မလာလို့မဖြစ်ဘူး၊ သူ ဧကန္တ အနီးအနားနေရိုးမှန်ရင် ခင်ဗျားဆီလာရမယ်။ ခင်ဗျားဆီ လာရိုးမှန်ရင်လည်း သူ ဒီအနီးအနားနေလို့သာ ဖြစ်ရမယ်မဟုတ်လား"

တင့်ဆွေမှာ အဓိပ္ပာယ်ရှင်း၍သွားရာမှ စိတ်တွင် မကျေနပ်စရာများကို စဉ်းစားပြန်လျက် "အခု ဒီမိန်းကလေးကို တွေ့ပြီဆိုပါတော့၊ ကျုပ်အပေါ် ဒါလောက် ရက်ရက်ရောရော စွန့်ကြဲနိုင်တာထက် ဝိသေသ ပိုမို ထူးခြားမှာမို့လား"

"ထူးခြားလို့ပေါ့ဗျ၊ တော်ရုံလောက်ဖြင့် ခင်ဗျားကို ဒီလောက် အောက်မကျို့ဘူး၊ ခင်ဗျား ယုံရဲ့လား၊ ကျုပ်ဟာ အင်မတန်မာနကြီးတဲ့လူ ကိုတင့်ဆွေ"

တင့်ဆွေသည် စောဘုန်းဝေ မျက်နှာအနေအထား၊ စကားအပြောအဆိုကို ကြည့်ခြင်းအားဖြင့် သူပြောသည့်အတိုင်း ဟုတ်ပေလိမ့်မည်ဟု ဝန်ခံမိလေ၏။ သို့ဝန်ခံခြင်းထက် ဤမျှလောက် မိမိအပေါ်၌ လိုက်စားခြင်းမှာ သာမညကိစ္စမျိုးနှင့် မဟုတ်သည်ကို တွေးတောမိသည့်အတိုင်း...

mgyoe.com

mgyoe.com


"ကိုင်းဗျာ… ကူညီနိုင်မယ်ဆိုရင် ဘာမဆို အသင့်ပဲ၊ ခင်ဗျားလည်း ကျုပ်ကျေးဇူးရှင်ကြီး ဖြစ်လာမှာကိုး" ဟု စိတ်တုံးတုံးချ၍ ပြောလိုက်သည်တွင်…

"ဒီလိုဗျ… ကျုပ်ကိစ္စက အသေးအဖွဲကလေး မဟုတ်ဘူးနော်၊ တွေးကြည့်ရင် ကြောက်စရာလည်း ကောင်းတာပဲ၊ သို့သော်လည်း ဒီ ကြောက်စရာကောင်းတယ်ဆိုတာ ခင်ဗျားနဲ့ ဆိုင်သင့်သလောက်သာ ဆိုင်တယ်။ လောကမှာ ငွေအရေးကြီးတယ်ဆိုတာ ကျုပ်အဖို့ မဆိုင်ပါဘူး၊ လိုချင်ရင် အလွယ်ကလေး ရနိုင်တယ်ဆိုတာ ခင်ဗျား သိသင့်သလောက် သိပြီမဟုတ်လား။ အဲဒီတော့ ခင်ဗျား တစ်ခု ကတိခံရလိမ့်မယ်၊ လိုက်နာနိုင်ပါ့မလား"

ထိုအမေးကို ဖြေဖို့ရန် တင့်ဆွေ၌ မလွယ်ကူလှချေ။ ကြောင်းရာ စုံလင်ကုန်စင်အောင်မသိဘဲ ဝန်ခံရမည်မှာ မည်ကဲ့သို့စိတ်ထားနှင့် စွန့်စားဝံ့ပါမည်နည်း။ သို့အတွက် စိတ်တွင် ပြန်၍တွန့်သွားပြီး စောဘုန်းဝေမျက်နှာကို အတော်ကြာ ကြည့်နေမိသည်တွင်…

"မခဲယဉ်းပါဘူး၊ ဒီအလုပ်ကို ခင်ဗျား အိမ်ထဲက အိမ်ပြင် မထွက်ဘဲ လုပ်ရမှာပါ။ ပြီးတော့ ဒါကို လုပ်ရတဲ့အတွက် အခြားတစ်ဦးတစ်ယောက်ကဖြစ်စေ ရန်မရှာနိုင်ပါဘူး"

mgyoe.com

mgyoe.com


"ဟာ... ဒီလိုဆို ဘာကြောက်စရာရှိသလဲ၊ လုံးလုံးလွတ်နေတာပဲ၊ ဒါထက် ခုတင်က စောခင်ထားနဲ့ ပတ်သက်နေသလား"

"ကျုပ်ပြောမယ်လေ... နေပါဦး၊ မနေ့ညက ခင်ဗျားကို ကျုပ်ပေးလိုက်တာ ငွေဘယ်လောက်လဲ"

"၇,၀၀၀ ကျော်တယ်"

"ရှေ့ကို ၇၀၀,၀၀၀ လည်း ခင်ဗျားရနိုင်တယ်၊ ခင်ဗျားသုံးမလား။ သို့သော် အခုလက်ငင်း ပေးနိုင်သလားဆိုတော့လည်း ကျုပ် မဖြေနိုင်ဘူးပေါ့။ ကျုပ်ကိစ္စကို ဆောင်ရွက်ပေးလို့ အောင်မြင်ရင် ခုနစ်ရက်အတွင်း ရနိုင်ဖို့ရှိတယ်။ အဲဒါကို ခင်ဗျား စိတ်ပိုင်းဖြတ်ပါ" စောဘုန်းဝေသည် ငွေဘူးကလေးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ပြီး မီးညှိရှိုက်ဖွာနေ၏။

တင့်ဆွေအဖို့ကား သေရေးရှင်ရေးပြဿနာကြီးဖြစ်ကာ ထိုမျှလောက် အားရဝမ်းသာဖွယ်၊ စဉ်းစားဖွယ် အတွေးနှင့် ကြောက်ဖွယ်ပေါင်း သောင်းပြောင်းထွေလာ ရောယှက်ကာနေသည့် စောဘုန်းဝေ၏စကားကို ချီတုံချတုံ ဖြစ်၍နေလေ၏။

လောကဋ္ဌ ကြောက်မက်ဖွယ်ကောင်းသော အရေးတွေ မရေမတွက်နိုင်အောင်ရှိ၏။ မည်သို့ပင် မရေမတွက်နိုင်အောင်ရှိသည်ဖြစ်စေ၊ သေခြင်းထက်

mgyoe.com

mgyoe.com



ကြောက်စရာကောင်းသောအရာကား မရှိပေ။ သို့စေ ကာမူ (သဗ္ဗေ ဘာယန္တိ မစ္စုနော) ဟူသော ဘုရားဟော အရ သေခြင်းကို လူသတ္တဝါတိုင်း ကြောက်ရွံ့ထိတ် လန့်သည်တိုင်အောင် အဘယ်သူ ကွင်းရှောင်၍ လွတ် ပါမည်နည်း။ သက်ရှိသတ္တဝါမှန်လျှင် 'သေစေ' ဟူသော လောကအစိုးရ၏ အမိန့်ကြီးဒဏ်သည် မွေးကတည်းက ပါလာခဲ့၏။ တစ်နေ့နေ့တွင် ကွင်း ရှောင်၍မလွတ်နိုင်။ ယခုမသေ နောင်သေရမည်၊ နောင်မသေ ယခုသေရမည်။ ထို့ကြောင့် သေခြင်းကိုမှ ရှောင်ကွင်းမလွတ်လျှင် သေခြင်းလောက်မျှ ကြောက် စရာမရှိသော မည်သည့် ဘေးအန္တရာယ်ကို ထိတ်လန့် ရမည်နည်း။

သို့ဖြင့် စက္ကန့်ပေါင်းများစွာ ကျော်လွန်သွား သည်၏အဆုံးတွင် စားပွဲကို တစ်ချက်မျှထုရင်း...

"ကိုင်းဗျာ... ကျုပ်စွန့်စားမယ်၊ ဖြစ်လိုရာဖြစ်စေ တော့၊ ခင်ဗျားကိစ္စကိုသာ ဖွင့်ပြောပါ" ဟု အံတကြိတ် ကြိတ်နှင့် မျက်စိမှိတ်၍ ထုတ်ဟ ဝန်ခံလိုက်လေ၏။

"ဟဲ... ဟဲ... ဒီလိုမှပေါ့၊ ကျုပ်အဖို့ ခင်ဗျားကို တွေ့ရကျိုး နပ်ပါပေတယ်" ဟု စောဘုန်းဝေသည် ပြုံးရွှင်ကျေနပ်သကဲ့သို့ ပြောရာမှ ပါးစပ်တွင်းသို့ လက် ညှိုးနှင့် လက်မကို သွင်းကာ တစ်စုံတစ်ခုကို ဆွဲထုတ်

mgyoe.com

mgyoe.com


ပြီး ဖြူဖွေးသော ပဝါတစ်ခုတွင် သုတ်လျက် "ဒီဟာ ဘာတုံး ခင်ဗျားကြည့်စမ်းပါ" ဟု တင့်ဆွေရှေ့စားပွဲပေါ် အသာတင်၍ပြလေ၏။

တင့်ဆွေသည် လူတစ်ဦးတစ်ယောက်၏ အံသွားတစ်ချောင်းဖြစ်သည်ကို မြင်ရုံနှင့်သိ၏။ သို့သော်လည်း မိမိတွေ့မြင်ဖူးသမျှ သွားများ နှင့်မတူ၊ ဖြူဖွေးပြောင်လက် ပုလဲများ အရောင်ထွက်သကဲ့သို့ မြင်ရ၏။ ထို့နောက် လက်ဖြင့် ကောက်ကိုင်လျက် မျက်စိနားကပ်ပြီး သေချာစွာကြည့်သည်တွင် သွားကလေးမှာ သာမည သွားများထက် အလေးချိန် ပိုမည့် အပြင် မည်မျှ ဂရုတစိုက် ပွတ်တိုက်ထားသည်မသိ၊ ဝင်းမှည့်၍ နေသည်ထင်ရလေ၏။

"ဒီဟာ ခင်ဗျားသွားပဲမဟုတ်လား"

"ဟုတ်ပါ့မလား၊ သေသေချာချာကြည့်ပါဦး။ အံသွားရိုးရိုး ထင်သလား၊ မဟုတ်ဘူး။ အံပွားခေါ်တယ်။ ဒီသွားရှင်မရှိတာ အနှစ် ၉၀၀ ပြည့်တော့မယ်"

တင့်ဆွေသည် မည်သို့မျှပြန်မပြောဘဲ စောဘုန်းဝေနှင့် အံပွားကို တစ်လှည့်စီ ကြည့်၍နေလေ၏။ အတန်ကြာမှ "အင်း... ဆိုစမ်းပါဦး၊ အနှစ် ၉၀၀ တောင် မဆွေးမမြည့်ဘဲကိုး၊ ဒါ ဘယ်သူ့အံပွားပါလိမ့်"

mgyoe.com

mgyoe.com



"အခု မြန်မာသက္ကရာဇ် ဘယ်လောက်လဲ"

"ထောင့်သုံးရာနဲ့…"

"ကိုင်း… ဒါဖြင့် ကျုပ်ပြောခဲ့တဲ့ ၉၀၀ နတ်စမ်း"

"သက္ကရာဇ် ၄၀၀ လောက်ကျန်တယ်"

"ဒီအံ့ပွားဟာ ၉၀၀ မပြည့်သေးဘူးဆိုတော့ ထားပါတော့၊ သက္ကရာဇ် ၄၀၀ ကျော်၊ ၄၁၀၊ ၄၂၀ လောက် ဖြစ်လိမ့်မယ်။ အဲဒီသက္ကရာဇ်လောက်အတွင်း ခင်ဗျားတို့ မြန်မာပြည် ဘာများထူးထူးခြားခြား ဖြစ်ခဲ့ဖူးသလဲ"

"ဒါတော့ဘယ်သိမလဲ၊ ကျုပ်တို့မိတာမှ မဟုတ်ဘဲနဲ့"

"ဒါဖြင့် ခင်ဗျား အတော်ညံ့တဲ့လူ၊ မြန်မာပြည်မှာ ခင်ဗျားလိုလူချည်း ထင်ပါရဲ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲဗျာ၊ ခင်ဗျား မေးရမယ့်လူဟာ သိုက်ဆရာတို့၊ ရာဇဝင်ဆရာတို့သာ ဖြစ်မှာပဲ"

"ဒီဆင်ခြေ မလုံလောက်ဘူး၊ မြန်မာလူမျိုးမှန်ရင် သိရမယ်၊ ဒီသက္ကရာဇ်ဟာ မြန်မာလူမျိုးအဖို့ အရေးအကြီးဆုံးပဲ၊ ဥပမာ ၁၂၄၇ ခုကို သတိရရင်၊ သီပေါမင်းပါတော်မူတာကို သတိရရင် ၁၂၄၇ ခုနှစ် သက္ကရာဇ်ကို ကွက်ခနဲ မြင်ရမယ်။ မိသလားဆိုတော့ ကျုပ်တို့၊

mgyoe.com

mgyoe.com



ခင်ဗျားတို့ဟာ မမိကြဘူးပေါ့၊ အဲဒီလို မမေ့လျော့ကောင်းတာကို မေ့လျော့တဲ့တဲ့အတွက် ခင်ဗျား... လူညံ့တစ်ယောက်လို့ ကျုပ် ရဲရဲဝံ့ဝံ့ ဆိုလိုက်တယ်" ဟု စောဘုန်းဝေသည် ဆက်မပြောတော့ဘဲ တင့်ဆွေကို ခပ်ပြုံးပြုံး ကြည့်နေသောကြောင့်...

"အင်း... ဆိုစမ်းပါဦး" ဟုပြောကာ တင့်ဆွေသည် ပြန်လှန်မော်ကြည့်၍နေလေ၏။

"ခင်ဗျား မြန်မာလူမျိုးပဲ၊ ဘယ်ဘာသာကိုးကွယ်သလဲ"

"ဗုဒ္ဓဘာသာပေါ့"

"အဲ... တစ်ကမ္ဘာလုံးကို ခြုံကြည့်၊ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ရင် အခု ခင်ဗျားတို့ဟာ အခရာပဲ။ အဲဒီတော့ ဗုဒ္ဓဘာသာကိုးကွယ်ပြီး မြန်မာပြည်မှာ ဗုဒ္ဓဘာသာ အယူ ဘယ်တုန်းက စတင်ထွန်းကားတယ်ဆိုတာကို မသိတာ ကျုပ် အံ့သြလို့မဆုံးဘူး။ ဒါတင်ကပေါ့မလား၊ ကျုပ်ပြောတဲ့ သက္ကရာဇ် ၄၀၀ ကျော်ဟာ ခင်ဗျားတို့ မြန်မာလူမျိုးတွေ ဘုန်းမီး နေလတောက်ပပြီး အင်ပိုင်ယာနိုင်ငံကြီးကို အကြီးအကျယ် ချဲ့ထွင်စပြုတဲ့ အခါကောင်းကြီးပေါ့"

"နေဦး၊ ကျုပ် သတိရပြီ၊ ခင်ဗျားပြောနေတာ အနော်ရထာမင်းစော ထင်ပါရဲ့"

mgyoe.com

mgyoe.com


"အစစ်ပေါ့၊ ဒီအခါက အနော်ရထာမင်းဟာ ရခိုင်ပြည်အောက်ပိုင်းကို ချန်လှပ်ပြီး ကျန်မြန်မာနိုင်ငံတော်အားလုံးအပြင် ဇင်းမယ်၊ ကိုချင်ချိုင်းနား၊ ယိုးဒယား အစရှိတဲ့ တိုင်းပြည်တွေကိုပါ သိမ်းခဲ့သပေါ့။ ကမ္ဘောဒီးယားတောင် ပါလိုက်သေးတယ်။ ကမ္ဘောဒီးယားဆိုတာ သိသလား၊ ယိုးဒယားပြည်ရဲ့ အရှေ့တောင်ဘက်မှာရှိတယ်။ ဘယ်လောက် နယ်ကျယ်ခဲ့သလဲ၊ ဒါတင်ဘယ်ဟုတ်မလဲ၊ မစ္စတာဝုဒ် ရေးတဲ့ ယိုးဒယားရာဇဝင်မှာ တရုတ်ပြည်တောင်ပိုင်းကိုတောင် အနော်ရထာမင်း လွှမ်းမိုးခဲ့တယ်ဆိုပဲ"

စောဘုန်းဝေသည် သာမညမဟုတ်ကြောင်းကို တင့်ဆွေ သိ၏။ မိမိမှာ မြန်မာလူမျိုးပင်ဖြစ်လင့်ကစား မြန်မာပြည်အကြောင်းကို စောဘုန်းဝေလောက် မသိခဲ့ချေ။ သို့ရာတွင် စောဘုန်းဝေမှာ နှစ်ပေါင်းများစွာ ကျော်လွန်ပြီးသော အနော်ရထာမင်းလက်ထက်ကို ရေရေလည်လည် ပြောဆိုနေခြင်းဖြင့် အကြောင်းထူးတစ်ခုရှိတန်၍ အံ့သွားနှင့်သော်လည်းကောင်း၊ စောခင်ထားဆိုသူ ရှမ်းမကလေးနှင့်သော်လည်းကောင်း မည်သို့သက်ဆိုင်မည်ကိုကား ဝေခွဲ၍မရချေ။ သို့အတွက် စောဘုန်းဝေ၏မျက်နှာကို အကဲခတ်၍ကြည့်ကာ...

mgyoe.com

mgyoe.com


"ကျုပ် အဓိပ္ပာယ်နားလည်ပါပြီ၊ ဒါပေမဲ့ ဒီအံ့သွားကလေး အကြောင်းကို ရှင်းလင်းစမ်းပါဦး" ဟုပြောစဉ်...

စောဘုန်းဝေမှာ ရှုရှိုက်နေသော စီးကရက်တိုကလေးကို အပြင်သို့လွှင့်ပစ်လိုက်ရာမှ "အဲလေ ကျုပ်ပြောနေပါပကော၊ ခုတင်ကပြောခဲ့တဲ့အတိုင်း မြန်မာပြည် ဗုဒ္ဓဘာသာ ထွန်းကားလာတာ အနော်ရထာမင်းကြောင့်ဆိုတာကော ခင်ဗျား သိရဲ့လား"

"သိပါရဲ့၊ ပုဂံကို (အရှင်အရဟံ) ကြွရောက်ပြီး တိုက်တွန်းညွှန်ကြားလို့ သထုံပြည်ကို စေလွှတ်၊ ပိဋကတ်တော်ကို တောင်းတယ်၊ သထုံမင်းက မချေမငံ စကားကို ဆိုတဲ့အတွက် အနော်ရထာကိုယ်တိုင် ချီတက်တိုက်ခိုက်ပြီး မင်းနဲ့တကွ တိုင်းပြည်ကိုရတယ်။ ဓာတ်တော်၊ မွေတော်၊ ပိဋကတ်တော်၊ သူရဲ၊ သူခက်၊ ပညာရှိတွေအပြင် မင်းကိုပါ ပုဂံကို ဆောင်ယူတော်မူခဲ့တယ်"

"ဟုတ်ပြီ၊ သထုံကို တိုက်တုန်းက သက္ကရာဇ် ၄၁၉ ခုထဲမှာပေါ့၊ အဲ... အဲ... ခင်ဗျားပြောတဲ့ သထုံမင်းဟာ ဘယ်သူတဲ့"

"မနူဟာ မဟုတ်လား၊ တလိုင်းဘုရင်"

ထိုအခါမှပင် စောဘုန်းဝေသည် ကုလားထိုင်

mgyoe.com

mgyoe.com


တွင် နောက်ကျောကို ကပ်မှီလိုက်ပြီး "အခု ခင်ဗျား ကိုင်ထားတာကလေးဟာ မနူဟာမင်းရဲ့ အံပွားတော် ကလေးပေါ့" ဟုဆိုလိုက်သောကြောင့် တင့်ဆွေ၏ တောက်ပသောမျက်လုံးများသည် ကိုင်ထားသော အံပွားကလေးပေါ်သို့ ရုတ်တရက် ရောက်၍သွားလေ၏။

စောဘုန်းဝေ ပြောသည့်အတိုင်း ဟုတ်ချင်မှ ဟုတ်မည်၊ ဟုတ်ချင်လည်း ဟုတ်မည်။ သို့သော် လည်း တင့်ဆွေမှာ ယုံကြည်နိုင်ရန် အကြောင်းမရှိ။ ဤစကား၊ ဤအံပွားအကြောင်းကို ကြားသိရခြင်း သည် မိမိ၏ ပထမအကြိမ်ဖြစ်၍ စောဘုန်းဝေမှာ သူ့လိုငါ့လိုစိတ်များမှ ကောင်းပါရဲ့လားဟု သံသယ ဖြစ်မိပြီး မျက်လုံးများသည် စောဘုန်းဝေကို စေ့စေ့ ကြည့်မိပြန်လေ၏။

ထိုအခါ၌ မိမိနှင့် ပထမဆုံးအကြိမ် တွေ့မြင်ရ သော ဟိုတယ်အပေါ်ထပ်တွင် မိမိနှင့်တကွ လူပေါင်း များစွာမှာ စောဘုန်းဝေ၏ ပြင်းပြသောအာဏာတွင် ငြိမ်ဝပ်သွားကြပုံ၊ စောဘုန်းဝေသည် အရက်တစ်ခွက် ကို သောက်ရန် ချိန်ရွယ်လိုက်စဉ်က "သြော် မေ့သွား လို့" ဟုပြောပြီး ပါးစပ်တွင်းမှ တစ်စုံတစ်ခုကို ဆွဲထုတ် လိုက်ပုံမှာ အကုန်အစင် ပေါ်၍လာလေ၏။ ထို့နောက်

mgyoe.com

mgyoe.com


မှ အံပွားကလေးကို သေချာစွာ ကိုင်ကြည့်ကာ "ဟုတ်ပါ့မလားဗျာ၊ မနူဟာမင်းဆီ အံပွားရှိတယ်လို့ ကျုပ်တစ်ခါမှ မကြားဖူးပါလား၊ ရာဇဝင်တွေလည်း ကျုပ်ဖတ်ဖူးသားပဲ" ဟု စိတ်ရှုပ်သလို မျက်မှောင်ကြုတ်၍ မေးလေ၏။

မေးသည့်အတိုင်း မဟုတ်သည့်တိုင်အောင် ထိုအံပွားကလေးကို ဆောင်ထားသူ စောဘုန်းဝေ၏ အရိပ်အခြည်ကို ကြည့်ခြင်းအားဖြင့် အံပွားတွင် ထူးခြားချက်တစ်ရပ် ရှိမည်ကိုကား တင့်ဆွေ မငြင်းနိုင်ချေ။

တစ်ဖန်လည်း မိမိဖတ်ဖူး ကြားဖူးသည်အရ မနူဟာမင်းမှာ ဩဇာအာဏာပြင်းပြ၍ ခံတွင်းမှ စက်ပြောင်ပြောင်ထွက်သည့်ပြင် အနော်ရထာမင်းပင် တုန်လှုပ်ချောက်ချားရသည်ဟု သိရှိရလေရာ ဟုတ်ကောင်း ဟုတ်နေမလားဟူ၍လည်း စိတ်တွင် တစ်မျိုးတစ်ဖုံ ဖြစ်၍လာပြန်လေ၏။ သို့ဖြင့် စောဘုန်းဝေ၏ မျက်နှာကို မော်ကြည့်လိုက်ရာ...

"ခင်ဗျား အယုံအကြည်ရှိမယ်မဟုတ်ဘူးဆိုတာ ကျုပ် ကြိုတင်သိပြီးပါပြီ၊ ကျုပ်ပြောတာ ဆန်းနေလို့လား"

"မှန်တာပြောရင် ကျုပ် မယုံဘူးဗျာ၊ မနူဟာမင်းမှာ အံပွားရှိတယ်လို့ ဘယ်တုန်းကမှမကြားဖူးတာ၊

mgyoe.com

mgyoe.com


နို့ ရာဇဝင်အကိုးအကား ပြနိုင်သလား"

"ဒါ ခင်ဗျား မကြာခင်သိကောင်း သိရလိမ့်မယ်၊ ရာဇဝင်အကိုး အကားရယ်လို့တော့ မရှိဘူး၊ ဒါပေမဲ့ ကျုပ် တစ်ခုမေးချင်တာက ဒီအံပွားကလေးမှာ တန်ခိုးသတ္တိထူးရှိတယ်ဆိုတာကော... ခင်ဗျား ယုံသလား"

"အင်း... ခင်ဗျားကို ကျုပ်မြင်ရသမျှတော့ အတော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားက လည်း ဒီအံပွားကို ဆောင်ထားတယ်ဆိုတော့ ဒီအံပွားဟာ တန်ခိုးသတ္တိတစ်ခု ရှိလိမ့်မယ်ဆိုတာ မငြင်းနိုင်ဘူး၊ သို့သော် ဒီဟာ မနူဟာမင်းရဲ့ အံပွားပဲ ထားပါဦး၊ အာဏာစက်ပြင်းတယ်ဆိုတဲ့ မနူဟာမင်းဟာ နောက်ဆုံးမှာ အနော်ရထာ ကြဲလိုက်လို့ ပျက်ပြယ်သွားပြီ မဟုတ်လား"

"အင်း... ဆိုစမ်းပါဦး၊ ဘာ့ကြောင့် ပျက်ပြယ်သတဲ့လဲ"

"မနူဟာမင်းကို ပုဂံကို ဖမ်းဆီးလာတော့ အနော်ရထာမင်းနဲ့ တွေ့ဆိုင်ပြီး စကားပြောဆိုတဲ့အခါမှာ ခံတွင်းက အလျှံပြောင်ပြောင်ထွက်ပြီး စကားများ ထွက်လာတော့လည်း အနော်ရထာ အတော်ထိတ်လန့်သွားသတဲ့။ အဲဒါကြောင့် အနော်ရထာမင်းက ငါ့ကို ရန်မူဦးမယ်အထင်နဲ့ မနောလင်ပန်းမှာ ပွဲတော်ထည့်ပြီး

mgyoe.com

mgyoe.com


ဘုရားဆွမ်းတော်တင်ပြီးမှ ကျွေးတယ်ဆို မဟုတ်လား။ ဒီကတည်းက အာဏာစက် ကွယ်ပျောက်သွားတယ်လို့ အတိအလင်း ရေးသားထားခဲ့ကြတာပဲ"

"လူတွေဟာ ဘုရားဆွမ်းတော်တင် စားတဲ့အခါ လျှာစက် အာစက်ညံ့တယ်ဆိုတာ ကျုပ်လည်း ကြားဖူးတယ်၊ သို့သော် လူသားနဲ့ ဘုရား ဘယ်သူက မြတ်တယ်ထင်သလဲ"

"ဟုတ်ကဲ့... ဘုရားက မြတ်တယ်"

"လူသားထက်မြတ်တဲ့ ဘုရားရဲ့အကြွင်းအကျန်ကို စားတာနဲ့ လျှာစက် အာစက်ညံ့တယ်ဆိုတဲ့စကား ခင်ဗျားယုံသလား၊ လူက လူ့ထက် ယုတ်ညံ့တဲ့ တစ်ဦးတစ်ယောက်ရဲ့အကျန်ကို စားတယ်ဆိုရင်တော့ ဟုတ်သားပေါ့၊ ပြီးတော့ ဒီစကားဟာ ဘုရားလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘုရားမှီစားတဲ့လူဟာ ဘုရားဝေယျာဝစ္စ၊ သံဃာမှီစားတဲ့လူဟာ သံဃာ့ဝေယျာဝစ္စကို ကျေပွန်အောင် လုပ်သင့်သပေါ့"

"ဒါဖြင့် မန္တူဟာမင်းရဲ့ လျှာစက် အာစက်ဟာ အနော်ရထာမင်း ထင်သလို မဟုတ်ဘူးပေါ့"

"ဘာဟုတ်ရလဲ... ပြယ်မှမပြယ်ဘဲ"

"မန္တူဟာမင်းရဲ့တန်ခိုးသတ္တိဟာ ဒီအံပွားကြောင့် ဆိုချင်သလား"

mgyoe.com

mgyoe.com


"ခင်ဗျား မယုံကြည်ရင် ချက်ချင်းစမ်းကြည့်နိုင်တာပဲ"

"ကျုပ် ဘယ်လိုစမ်းသပ်ကြည့်ရမလဲ"

"ခင်ဗျား ဘယ်လိုစမ်းချင်သလဲ၊ အံပွားဟာ သြဇာထက် မထက် သိချင်တယ်မဟုတ်လား" ဟု ပြောရာမှ အပြင်ဘက်သို့ လှမ်းကြည့်လျက် လက်ညှိုးထိုးကာ "ဟောဟိုမှာ သွားနေတဲ့ လူတစ်ယောက် မြင်သလား၊ အံပွားကို ငုံထား၊ အဲဒီလူကို ခင်ဗျားအသံကြားအောင်သာ ဒီက သြဇာပေး၊ သိရအောင်" ဟု စောဘုန်းဝေက ပြောသဖြင့် တင့်ဆွေမှာ စကားဆုံးလျှင်ပင် "ကိုင်းဗျာ... ကျုပ် စမ်းကြည့်မယ်" ဟု ပြောပြောဆိုဆို အံပွားကလေးကို ပါးစပ်တွင်း ထည့်သွင်းတော့မည်ပြုစဉ်...

"နေဦး... ဒါ တစ်ခု ခင်ဗျားသည်းခံလိုက်ဦး၊ စမ်းချင်သပဆိုရင်လည်း တဖြည်းဖြည်းပေါ့" ဟု ပြောရာက စောဘုန်းဝေသည် တင့်ဆွေလက်မှ ဖျတ်ခနဲလုကာ အံပွားကလေးကို ဆုပ်ယူလိုက်ရကား တင့်ဆွေသည် ပါးစပ်ဟလျက်နှင့်ပင် မချင့်မရဲကြီး ဖြစ်၍နေရလေ၏။

ထို့နောက် မိနစ်ပေါင်းများစွာ ကျော်လွန်၍ သွားလေ၏။ တစ်ဦးကိုတစ်ဦး စကားမပြောဘဲ တိတ်ဆိတ်

mgyoe.com

mgyoe.com


သောအခြေသို့ ရောက်နေကြရာ အတော်ကြာလျှင် တင့်ဆွေက...

"ခင်ဗျားပြောတဲ့ စောခင်ထားဆိုတာ ဘယ်လို မိန်းမစားမျိုးလဲ၊ သူနဲ့ပတ်သက်ပြီး ကျုပ်က ဘယ်လို ဆောင်ရွက်ပေးရမှာတုံး"

"ဒီလိုပါ ကျုပ်ရဲ့ဆန္ဒဟာ ဒီကမ္ဘာမှာ တစ်ခု တည်းရှိတယ်၊ အဲဒီဆန္ဒကို ပြည့်စုံဖို့ဟာ ကျုပ်ကို ငွေ သိန်းသန်းကုဋေနဲ့ချီပေးပြီး အကြံလျှော့ခိုင်းလည်း ကျုပ် လိုက်နာနိုင်မယ် မဟုတ်ဘူး။ မရ ရနိုင်တဲ့နည်း လမ်းနဲ့ ကြံဖို့ဟာ သန္နိဋ္ဌာန်ချပြီးပြီ။ အဲဒီတော့ ခင်ဗျား မျက်မြင်ဖြစ်တဲ့အတိုင်း ကျုပ် ငွေရှာဖို့ မခဲယဉ်းသမျှဟာ ကျုပ်ရဲ့အလုပ်ကို ထိထိရောက်ရောက် ကူညီနိုင်သူကို ပေးပစ်ခဲ့ဖို့ချည်းပဲ။ ဘာကြောင့်လဲလို့ မေးစရာရှိတယ်၊ ဒီစောခင်ထားဆိုတဲ့ ကောင်မလေးဆီက တစ်စုံတစ်ခု မရရင် ဒီလောကမှာ ကျုပ်နေလို့ မဖြစ်သလောက်ပဲ။ လူဟာ တစ်နေ့နေ့သေရမယ်ဆိုပေတဲ့ ကျုပ် သေရိုး သေစဉ်မသေဘဲ သူသတ်လို့ သေရမယ်လို့ ကျုပ် အများကြီး ယုံကြည်တယ်။ အဲဒီတော့ ဒီကောင်မလေး ဆီက အံပွားကို..."

"ဘာ... ဘာ... ဒီကောင်မလေးဆီ အံပွားရှိ သလား၊ သူလည်း ခင်ဗျားလိုပဲလား" ဟု တင့်ဆွေက

mgyoe.com

mgyoe.com


အလောတကြီး မေးသည်တွင်...

"ဟုတ်တယ်၊ သူ့ဆီမှာလည်း ရှိနေတယ်၊ အဲဒီ အံပွားကလေးကို ကျုပ်လက်ထဲရောက်အောင် လုပ်ပေးနိုင်မယ်ဆိုရင်..." ဟု ဆက်မပြောတော့ဘဲ တင့်ဆွေကို အကဲခတ်သကဲ့သို့ စူးစမ်း၍ကြည့်နေသဖြင့် တင့်ဆွေမှာလည်း စောဘုန်းဝေကို တစ်ချက်မျှ မော်ကြည့်ရာက စားပွဲပေါ်သို့ စက္ကူခြွေချကာ ငေးမော၍နေလေ၏။ ထို့နောက် ဖျတ်ခနဲမော်ကြည့်ကာ "ဒီ စောခင်ထားဆီက အံပွားကို ကျုပ်ယူပေးရမှာလား" ဟု မေးလေ၏။

"ဟုတ်တယ်၊ ဒီကိစ္စမှာ ခင်ဗျားသာ အားကိုးစရာရှိတော့တာပဲ၊ ဘယ့်နှယ် သဘောတူရဲ့လား"

"နေပါဦး၊ သူ့ဆီမှာရှိတယ်ဆိုတာ သူ့အံပွားပဲလား၊ ဒါမှမဟုတ် တစ်ဦးတစ်ယောက်ရဲ့ အံပွားလား"

"သူ့ဆီရှိတာလည်း မနူဟာမင်းရဲ့ အံပွားပေါ့၊ သို့သော် သူ့ဆီမှာ ရှိတာက လက်ယာအံပွား၊ ကျုပ်ဆီရှိတာက လက်ဝဲဖြစ်နေတယ်"

တင့်ဆွေသည် အတွေးကျပ်၍ နေလေ၏။ အဘယ်နည်းမျိုးဖြင့် လွန်ခဲ့သော အနှစ် ၉၀၀ မှ အံပွားမှာ ယခုအခါ အရှုပ်အရှင်းဖြစ်ပြီး ဤကဲ့သို့ တစ်ဦးစီထံရောက်နေသည်ကို မတွေးတတ်အောင် ဖြစ်၍ နေလေ၏။ စောဘုန်းဝေမှာ မိမိမေးတိုင်း အကျယ်ရှင်းပြမည်

mgyoe.com

mgyoe.com



လည်း မဟုတ်သောကြောင့် ထိုအရေးကို မတွေးတော့ဘဲ အတော်ကြာ ငြိမ်သက်နေရာမှ...

"ဒီဟာ ကျုပ်ယူပေးမှ ဖြစ်မလား၊ ခင်ဗျား ကိုယ်တိုင် ယူမရဘူးလား၊ ခင်ဗျား ဒီလောက်စွမ်းနေတာပဲ"

"မရနိုင်လို့ပေါ့ မိတ်ဆွေ... တတ်နိုင်ရင် ခင်ဗျားကို ကူညီခိုင်းပါ့မလား"

"ဒီကောင်မလေးဆီ ဒါရှိမှန်း ခင်ဗျား ဘယ့်နှယ်သိသလဲ"

"ကျုပ်က အထက်ရှမ်းပြည် (လွယ်ကော်) ရွာမှာနေတယ်။ သူကတော့ လွယ်လုံက၊ သိပ်မဝေးဘူးပေါ့။ ကျုပ်ဆီမှာ လက်ဝဲအံ့ပွားတစ်ခု ရှိနေတော့ နှစ်ခုစလုံးစုံမှ ကျုပ်ဆန္ဒပြည့်ဝမှာမို့ အချိန်ပေါင်းများစွာ လိုက်ရှာနေလိုက်တာ၊ တစ်နေ့ကျမှ သူ့ဆီမှာရှိမှန်း သိရတာပဲ။ ကဲလေ... ဒါတွေထားပါတော့၊ အခုပြောတဲ့အတိုင်း ဒီတစ်ခု ဆောင်ရွက်ပါမယ်လို့ ကတိပေးနိုင်မလား"

စောဘုန်းဝေမှာ မိမိအပေါ်၌ အနုနည်းဖြင့် အကျပ်ကိုင်ပြီဖြစ်ကြောင်း တင့်ဆွေ သိ၏။ ထိုကဲ့သို့ မိန်းကလေးတစ်ဦးတစ်ယောက်ထံမှ အကြောင်းမသိ အံ့ပွားကလေးကို ယူငင်ပေးရမည်မှာ မလွယ်ကူလှချေ။ သို့သော်လည်း သူ့အလိုဆန္ဒအတိုင်း ပြည့်ဝရန်

mgyoe.com

mgyoe.com


မိမိမှာ ဆောင်ရွက်လိုမှ ဆောင်ရွက်နိုင်သည် ဖြစ်စေကာ မူ မမျှော်လင့်ဘဲ ရရှိလက်ခံထားမိသော စောဘုန်းဝေ၏ ငွေ ၇,၀၀၀ ကျပ်မျှငွေသည် ငြင်းဆန်ဝံ့သောသတ္တိကို ဖိနှိပ်တုပ်နှောင်ထားသကဲ့သို့ ရှိ၏။

"ခင်ဗျား ပြောတဲ့အတိုင်း ကျုပ်ဝန်ခံပြီဆိုပါတော့၊ ဒီစောခင်ထားဆိုတာကို ဘယ်ဆီလိုက်ရှာရမှာလဲ"

"လိုက်ရှာဖို့မလိုပါဘူး၊ သူ ဒီအနီးနားမှာပဲ နေတယ်ဆိုတာ ကျုပ် အသေအချာ ယုံကြည်တယ်။ ခင်ဗျား ဒီတိုက်ထဲက နေဖို့ပဲ၊ သူ ဒီကို အမှန်လာရမယ်၊ ခင်ဗျားဆီလာတဲ့ ရက်စွဲအတိုင်း လွန်ခဲ့တဲ့ အရက် ၂၀ လောက်က သူလာသွားတယ်မဟုတ်လား၊ ရှေ့ကို ၁၀ ရက်သာ လိုတော့တယ်၊ ခင်ဗျား သတိထားပေတော့"

"ဒီနေ့ဒီရက်မှာ လာမယ်လို့ ခင်ဗျား အမှန်သိသလား"

"သိလို့ပေါ့ဗျာ... ကျုပ်ပြောရင် မလွဲပါဘူး၊ မယုံ စောင့်ကြည့်တာပေါ့။ ဒါထက် အခုလိုရက်ပိုင်းကို အသေအချာပြောတော့ ခင်ဗျား အံ့သြသလား"

"ဟုတ်ကဲ့၊ ခင်ဗျားပြောတဲ့အတိုင်း လာမယ်ဆိုရင်... ကျုပ် အံ့သြရမှာပဲ၊ ခင်ဗျား အတတ်ပညာ

mgyoe.com

mgyoe.com



တစ်ခုနဲ့ ပြောနေသလား၊ ခင်ဗျားမှာ အမြင် ရှိသလား"

"မဟုတ်ပါဘူး၊ ဒီဟာ ဘာနဲ့မှ မဆိုင်ပါဘူး၊ ခင်ဗျား နောက် သိလိမ့်မယ်"

"ကောင်းပြီ၊ စောခင်ထားဆိုတာ လာတော့၊ ကျုပ်ဘယ်လိုကြံရမှာလဲ၊ သူ့ဆီရှိတယ်ဆိုတဲ့ အံပွားကို ဘယ်နည်းဘယ်ပုံ ယူရမယ်ဆိုတာကိုလည်း ညွှန်ကြားဦးမှပေါ့"

"အို... ကျုပ်မလာတော့မှာမှ မဟုတ်ဘဲ၊ ဒီနေ့ ဒီရက်ကျရင် ခင်ဗျားဆီ ကျုပ် အစောကြီးရောက်လာလိမ့်မယ်"

တင့်ဆွေကား မည်သို့မျှ မပြောတော့ပေ။ အဘယ်ရွေ့ အဘယ်မျှ အခက်အခဲကြုံနေရမည်ကို လည်း ကြိုတင်၍မမြင်၊ စိတ်ထဲတွင် တအုံနွေးနွေး ရင်ထဲတွင်လည်း လေး၍နေလေ၏။

"ကဲ... ကျုပ်မှာ ကိစ္စတွေအများကြီး ရှိသေးတယ်၊ ခင်ဗျားဆီက အာမခံစကားတော့ မရသေးဘူး နော်၊ ဒီလိုဆိုရင်လည်း စဉ်းစားဦးလေ၊ အချိန်လည်း ရှိသေးတာပဲ။ ဒီညအဖို့ ပိုင်းဖြတ်နိုင်အောင် ကြိုးစားပေါ့ဟုတ်လား" ဟုဆိုကာ စောဘုန်းဝေသည် တင့်ဆွေ၏ ပခုံးကို သုံး– လေးချက်မျှ ပုတ်ပြီးနောက် အပြင်ဘက်သို့ ခြေလှမ်းပြင်ရာ တင့်ဆွေလည်း ကုလားထိုင်

mgyoe.com

mgyoe.com


ကို နောက်ဖယ်၍ထလေ၏။

"အဲဒါပါပဲဗျာ၊ ကျုပ် ဒီစပ်ကြား တစ်နေ့တော့ ရောက်လာဦးမှာပဲ၊ ဒီအခါကျ ခင်ဗျားစိတ်ထဲရှိတဲ့ သံသယတွေ ကင်းနိုင်သမျှ ကင်းအောင် ရှင်းလင်းသေးတာပေါ့"

အိမ်ရှေ့လမ်းဘက်သို့မျှော်ကြည့်ကာ နှုတ်ဆက်ရင်း လှေကားမှ ဆင်း၍သွားလေ၏။ တင့်ဆွေမှာလည်း မျက်စိတစ်ဆုံးကြည့်ကာ စားပွဲပေါ် ရုတ်တရက်ခုန်တက်လာသော ကြောင်ကလေးကို သတိမမူဘဲ ဆွဲယူပွတ်သပ်ရင်း စောဘုန်းဝေ ပျောက်ကွယ်သွားတော့မှပင် အိမ်ထဲသို့ လှည့်ဝင်လာလျက် ပက်လက်ကုလားထိုင်ပေါ် ပစ်လှဲလိုက်ပြီး မနေ့ညကစ၍ ယနေ့အထိ ယုံနိုင်စရာမရှိသော တွေ့ကြုံကြားသိရသမျှတို့ကြောင့် မိမိမှာ တဒင်္ဂ တစ်ခဏမျှ အရူးတိုင်းပြည်သို့ရောက်သွားသကဲ့သို့ ထင်မှတ်မိလေ၏။

မနူဟာမင်း၌ အံပွားရှိသည်ဟု မိမိ တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့။ အကယ်၍ စောဘုန်းဝေ ပြောသည့်အတိုင်း အစစ်အမှန်ဖြစ်စေကာမူ ထိုအံပွားနှစ်ခုမှာ အဘယ်နည်းဖြင့် စောဘုန်းဝေနှင့် စောခင်ထားဆိုသူ မိန်းမပျို ရှမ်းမကလေးဆီသို့ ရောက်နေပါသနည်း။ စောခင်ထား လက်၌ ရှိသည်ဆိုသော မနူဟာမင်း၏

mgyoe.com

mgyoe.com


လက်ယာအံပွားကို စောဘုန်းဝေသည် အဘယ် အကြောင်းကြောင့် ဤမျှလောက် အလိုရှိနေပါ သနည်း။ မန္တပာမင်းမှာ တလိုင်းမင်းဖြစ်၍ ရှမ်းမျိုး၊ ရှမ်းနွယ်ဖြစ်သော စောဘုန်းဝေနှင့် စောခင်ထားမှာ မည်သို့ဆက်သွယ်လေသနည်းဟု စဉ်းစားကာ သို့စဉ်း စားတိုင်းလည်း အစအနမပေါ်၊ နောက်ဆုံးသော်ကား စိတ်ရှုပ်ခြင်းဖြင့် သာလျှင် အဆုံးသတ်ရလေသတည်း။

* * *

mgyoe.com

mgyoe.com

## အခန်း (၄)

ငါးရက်မျှ ကြာ၍သွားလေ၏။ တင့်ဆွေမှာ ငွေ ၇,၀၀၀ ကျပ်ကို မကြာခဏဖြန့်ကြည့်ရင်းနှင့်ပင် အကျပ်အတည်း အခက်အခဲနှင့် ကြုံကြိုက်နေဆဲ မမျှော်လင့်ဘဲ ရခဲ့သောကျေးဇူးကို အထူးသတိရ၍နေလေ၏။

အိမ်လခအတွက်နှင့် ကြွေးမြီများကို အလွယ်တကူ ဆပ်နိုင်သည့်ပြင် မိမိ၏ နှစ်မွန်းသောဘဝကို ထူထောင်လိုက်သလိုဖြစ်၍လည်း ဝမ်းအမြောက်ကြီး မြောက်ကာ ဆိုင်အခမ်းအနားကိုပင် ဆန်းပြား ပြည့်စုံ အမျိုးမျိုးအဖုံဖုံ ပြုပြင်ချဲ့ထွင်နိုင်ခဲ့လေ၏။

ဤသို့ဖြင့် ၇,၀၀၀ ကျပ်အနက် ၂,၀၀၀ မျှ

mgyoe.com

mgyoe.com


ကုန်၍သွားလေရာ မိမိအပေါ်၌ရှိသော စောဘုန်းဝေ၏ ကျေးဇူးဂုဏ်သည်လည်း အပုန်ပြင်းစွာ လိုမ့်ပြီး မိမိအသွေးအသားထဲသို့ စိမ့်ဝင်မှန်းမသိ စိမ့်ဝင်နေပြီဖြစ်ကြောင်းကို ရိပ်မိလာလေ၏။

စောဘုန်းဝေ၏ လိုလားချက်ကို မိမိမှာ မည်သို့ကူညီရမည်နည်း။ မိန်းကလေးတစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်သော ပစ္စည်းတစ်ခုကို ယူငင်မှုသည် တကယ့်တကယ် လွယ်ကူပါမည်လော။ မိမိနှင့် စောခင်ထားဆိုသူမှာ မည်သို့မျှမတော်စပ်၊ တစ်ကြိမ်တစ်ခါ တွေ့ဖူးခါစဖြစ်၍ စောဘုန်းဝေပြောသည့်အတိုင်း ဒုတိယအကြိမ်အလာတွင် မဖွယ်မရာ မိန်းကလေး၏ အံပွားကို မတရားယူငင်ပေးရမည်မှာ အဘယ်မျှလောက်ကြီးလေးသော တာဝန်ပါနည်း။

သို့ဖြစ်လေရာ တင့်ဆွေသည် စောဘုန်းဝေကို တွေ့ရခြင်း၌ ကောင်းသော တွေ့ခြင်းမဟုတ်ဘဲ တစ်နည်းတစ်မျိုးဖြင့် အခက်အခဲနှင့် ရင်ဆိုင်တိုးမိရန် ကြံဖန်ဆုံစည်းလာပါတကားဟူသော အသိဉာဏ်သည် ဦးနှောက်တွင်းသို့ ထွင်းဖောက်ဝင်ရောက်လာလေ၏။

ဤသို့ဖြင့် တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ ရက်ကုန်ခဲ့ရာ စောဘုန်းဝေ မိမိအိမ်က ထွက်သွားသည်က

mgyoe.com

mgyoe.com


စ၍ ခုနစ်ရက်မျှကြာ၍လာလေ၏။

စောဘုန်းဝေ ပြောသည့်အတိုင်းဆိုလျှင် စောခင်ထားဆိုသူ ရှမ်းမကလေး ပေါ်ပေါက်လာရန် ရက်များစွာ မလိုတော့ချေ။ မိန်းကလေး လာရောက်မည့်နေ့ရက် အချိန်အခါတွင် စောဘုန်းဝေလည်း မိမိအိမ်သို့ ကြိုတင်လာရောက်နေမည်ဖြစ်ရာ မည်သည့်ဇာတ်လမ်းနှင့် ဆန်းဆန်း ကြယ်ကြယ် တွေ့ဆုံရမည်ကို စဉ်းစားမိတိုင်း ရင်ထဲတွင် တဒိတ်ဒိတ် ခုန်၍နေလေ၏ ။

တစ်ဖန်လည်း စောဘုန်းဝေသည် မိမိအား ထုတ်ပြသော သွားကလေးကို မန္တပာမင်း၏ အံပွားဟုဆို၏။ အကယ်ဟုတ် မဟုတ်၊ မှန် မမှန်ကို အပထား၍ စောဘုန်းဝေသည် မည်ရွေ့မည်မျှ အစွမ်းသတ္တိထူး ရှိသည်ကို မိမိတွေ့မြင်ခဲ့ရဖူးသော်လည်း စောခင်ထား လက်တွင်းမှ အလိုရှိသော အံပွားကိုမူ အဘယ်ကြောင့် ကိုယ်တိုင်မယူနိုင်ပါသနည်း။ သူကိုယ်တိုင်က မဝံ့သော အလုပ်တစ်ခုကို မိမိက စပ်ကြားမှ လုပ်ပေးရမည်မှာ ငါ၌ ဘယ်လိုအန္တရာယ်ကို တွေ့မည်နည်း။ စောဘုန်းဝေသည် ငါ၏အသက်ကို ငွေ ၇,၀၀၀ ကျပ်နှင့် ဝယ်ယူလဲလှယ်ခြင်းများပေလော။

စောဘုန်းဝေမှာလည်း လုံးလုံးပျောက်ကွယ်၍

mgyoe.com

mgyoe.com


နေလေ၏။ မိန်းကလေး လာရောက်မည့် နေ့ရက် မတိုင်မီ တစ်ကြိမ်တစ်ခါ လာရောက်ဦးမည်ဆိုသော် လည်း ယခုကဲ့သို့ ပျောက်ကွယ်နေပုံကို ထောက်ခြင်း အားဖြင့် စောဘုန်းဝေသည် ထိုမြို့၊ ထိုနေရာ၌ ရှိမည် မထင်၊ ထင်သည့်အတိုင်း လုံးလုံးပေါ်မလာလျှင် ကောင်းလေစွဟု စိတ်ကူးမိစဉ်ပင် အိမ်ရှေ့မှ စာပို့ ကုလားတစ်ယောက် တက်၍လာပြီး လက်တွင်ပါလာ သော ပါဆယ်ထုပ်တစ်ခုကို လာရောက်ကမ်းပေး သဖြင့် သေချာစွာ ယူ၍ကြည့်လိုက်ရာ အထုပ်ပေါ်တွင် 'ဒေါက်တာတင့်ဆွေ၊ နံပါတ်(   )၊ ကရိုလမ်း၊ ရန်ကုန် မြို့' ဟု တွေ့ရသောကြောင့် မည်သူမည်ဝါထံမှ ပေးပို့ လိုက်သည်ကို မသိရှိရဘဲ ဝေခွဲမရနှင့်ပင် လက်မှတ် ထိုးယူလိုက်ရလေ၏။

ထို့နောက် လျှင်မြန်စွာ ဖွင့်ဖောက်ကြည့်ရာတွင် အတွင်းမှ (စာအိတ်တစ်အိတ်) (ကျစ်လျစ်စွာလိပ်ပြီး ချိပ်ပိတ်၍ထားသော အထုပ်တစ်ထုပ်) အပြင် (ဖယောင်းပုဆိုးဖြင့် သေသေသပ်သပ် ချုပ်ပတ်၍ ထား သော ပြားပြားရှည်ရှည် အထုပ်တစ်ခု) ကို တွေ့ရလေ ၏ ။

စာအိတ်ကလေးကို ကောက်ကိုင်ကြည့်ရှုသော အခါ သေသပ်ဝိုင်းလှသော လက်ရေးဖြင့် 'ကိုတင့်ဆွေ

mgyoe.com

mgyoe.com


ဖတ်ရန်’ ဟု ရေးထားသည်ကို တွေ့ရ၏။

အတူတူပါလာသော အထုပ်နှစ်ခုမှာလည်း ကျကျနန ထုပ်ပိုး ပတ်နှောင်ထားသည်ကို မြင်ရပြီး တစ်ခုမှာ အရှည်ခြောက်လက်မမျှရှိ၍ လုံးပတ်အားဖြင့် ခုနစ်လက်မ၊ ရှစ်လက်မမျှ ရှိမည်ထင်ရသည့်ပြင် လေးဖက်လေးတန် ကြိုးသိုင်းလျက် ချိတ်ပိတ်ထားလေ၏။

ကျန်တစ်ခုမှာမူ ၁၀ လက်မနီးနီးမျှရှည်ပြီး ဖယောင်းပုဆိုးပတ်လျက် အဆက်နှုတ်ခမ်းတွင် ပိုးကြိုးများဖြင့် သေသပ်စွာ သီချုပ်ထားသည့်အပြင် လေးလက်မမျှကျယ်၍ ခပ်ပြားပြားအထုပ် ဖြစ်လေ၏။ ကိုင်တွယ်စမ်းသပ်ခြင်းအားဖြင့်လည်း ယိုအထုပ်မှာ မပျော့မမာ အရာတစ်ခုခုဖြစ်ကြောင်းကို သိရလေ၏။

အတော်ကြာ ကြည့်ရှုပြီးနောက်မှ မိမိနာမည် ရေးထားသော စာအိတ်ကလေးကို ဆုတ်ဖြတ်လျက် ဖွင့်လှန် ကြည့်ရှုသည်တွင်...

“ကိုတင့်ဆွေ...

ကျွန်ုပ် ခင်ဗျားအိမ်က ထွက်လာပြီးကတည်းက အရေးကြီးသောကိစ္စတစ်ခု ရှိသဖြင့် အထက်ရှမ်းပြည်၊ လွယ်ကော်ရွာသို့ ထွက်ခဲ့ရသဖြင့် မိတ်ဆွေထံသို့ မရောက်ရပါ။

mgyoe.com

mgyoe.com


မိတ်ဆွေအား အကျိုးအကြောင်း စုံလင်ကုန်စင်အောင် ပြောကြားမည်ဟု ကတိခံထားသည့်အတိုင်း ပြောကြားရန် ရည်ရွယ်သော်လည်း ယခုကဲ့သို့ ခရီးလွန်နေသဖြင့် မလာမရောက်ရပါ။ သို့သော်လည်း ကျွန်ုပ်၏ အကြံကို ဘယ်တော့မျှ လျှော့မည်မဟုတ်သည့်အတိုင်း စောခင်ထား မိတ်ဆွေထံ လာရောက်အချိန်မကျသေးမီ ကျွန်ုပ်၏ အလိုဆန္ဒကို မိတ်ဆွေအား ပြောကြားထားသည်အရ ဆောင်ရွက်နိုင် မဆောင်ရွက်နိုင် စိတ်ပိုင်းဖြတ်ရန် ဤစာနှင့် အထုပ်နှစ်ခုကို တင်ပို့လိုက်ပါသည်။

မိတ်ဆွေသည် ကျွန်ုပ်၏ အလိုဆန္ဒကို ပြည့်ဝအောင် ဆောင်ရွက်ပေးပါမည်ဟု စိတ်ပိုင်းဖြတ်သူဖြစ်ပါက ချိပ်ပိတ်ထားသောအလိပ်ကို လက်ခံသိမ်းပိုက်နိုင်ပါကြောင်း။

ထိုသို့ လက်ခံသိမ်းပိုက်ပြီးသည်နောက် ပူးတွဲပါ ပြားပြားအရှည်အထုပ်ကို ကြည့်မည်ဆိုက ကြည့်နိုင်ခွင့်ရှိသည်။ သို့သော် ကျွန်ုပ်၏ အလုပ်တွင် မိတ်ဆွေ ဝင်ရောက်ကူညီနိုင်သူ တစ်ယောက်မဟုတ်ဟု ယူဆပါက ဤအထုပ်ကို ကြည့်နိုင်ခွင့်မပြုနိုင်။ လေးလေးနက်နက်

mgyoe.com

mgyoe.com


ဂရုပြုရမည်။

ကျွန်ုပ်သည် မိတ်ဆွေထံသို့ မကြာမီ လာရောက်နိုင်မည် ဖြစ်ကြောင်း။

စောဘုန်းဝေ”

တင့်ဆွေသည် စာကို ဖတ်ပြီးနောက် မျက်လုံးများသည် ကျန်အထုပ်နှစ်ထုပ်ပေါ်သို့ ရောက်၍သွားလေ၏။

သူ၏အလုပ်ကို ဝင်ရောက်ကူညီနိုင်မည့်သူ ဖြစ်က ချိပ်ပိတ်ထားသော အလိပ်ကို လက်ခံသိမ်းပိုက်နိုင်သည် ဆိုခြင်းအားဖြင့် ထိုအလိပ်အတွင်းရှိ အရာမှာ မိမိအား ဆောင်ရွက်ခဟူ၍ ရည်ရွယ်ထားသော ကြေးငွေများဖြစ်လေသလော။ ကိုင်တွယ်ချိန်ဆခြင်းအားဖြင့်လည်း အတွင်းရှိအရာများမှာ ငွေစက္ကူလိပ်ကြီးနှင့် သဏ္ဌာန်တူ၍ အကယ်တိ ငွေစက္ကူများသာဖြစ်ပါမူ ထိုငွေသည် နည်းလှမည်မဟုတ်ပေ။

စောဘုန်းဝေ၏အဆိုအရ သူ့အလုပ်ကို ကူညီနိုင်မည့်သူမဟုတ်က ကျန်အထုပ်တစ်ခုကို ဖွင့်လှစ်ကြည့်ရှုရန် ခွင့်မပြုနိုင်ဟု ဆိုလေရာ ထိုအတွင်းရှိ တစ်စုံတစ်ခုသောအရာမှာ မည်သည့်အရာမျိုး ဖြစ်မည်နည်း။ တော်ရုံတန်ရုံ အရာမရောက်သော အရာတစ်ခုခု

mgyoe.com

mgyoe.com


သာ ဖြစ်ပါမူ စောဘုန်းဝေသည် ဤကဲ့သို့ တားမြစ်လိမ့်မည်မဟုတ်ဟု စဉ်းစားမိလေ၏။

ထိုအခါ၌ တင့်ဆွေ၏စိတ်များသည် လှုပ်ရှားသည်ထက် လှုပ်ရှားကာ မျက်စိရှေ့ရှိ အထုပ်များကို ကြည့်မိတိုင်း ကတုန်ကယင်ဖြစ်၍ နေလေ၏။

မိမိအား ပြောကြားသွားသော စောဘုန်းဝေ၏ စကားများသည်လည်း နားထဲမှမထွက်ချေ။ သူ၏ အလိုအတိုင်း မျက်စိမှိတ်၍ ဆောင်ရွက်လိုက်လျှင် မိမိကိုယ်ရေးကိုယ်တာအတွက် အသက်ရှုချောင်တော့မည်ကိုသိ၏။ သိသည့်အတိုင်း အံတကြိတ်ကြိတ်နှင့် မျက်စိမှိတ်လိုက်ပါတော့မည်ဟု ပိုင်းဖြတ်လိုက်မိရာမှ ယခင်က တွေ့မြင်ဖူးသော စောခင်ထား၏ မျက်နှာကလေးသည် မျက်စိ၌ တရေးရေး ပေါ်၍လာပြန်ရာ လေကိုသာ ရှည်လျားစွာ ရှူသွင်းမိပြီး ဟင်းခနဲ မှုတ်ထုတ်ရလေ၏။

ဤသို့ဖြင့် မတင်မကျ ဖြစ်ရင်း အမျိုးမျိုးအဖုံဖုံ အတွေးပေါင်းစုံ၍နေလေရာ နောက်ဆုံး၌ကား ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်ပိုင်းဖြတ်မိပြီး ချိပ်ပိတ်ထားသော အထုပ်ကို ရုတ်တရက် ကောက်ကိုင်မိလေ၏။

ထို့နောက် လေးဖက်လေးတန် ပိတ်၍ထားသော ချိပ်ကပ်ထားသည့်နေရာများကို ဖြုတ်ခွာ၍ကြည့်ရာ

mgyoe.com

mgyoe.com


တင့်ဆွေ ထင်သည့်အတိုင်း ကြိုးနှစ်ပင်မျှ ပတ်၍ထား သော ငွေစက္ကူလိပ်ကြီး ဖြစ်နေလေ၏။

တင့်ဆွေမှာ မိမိအဖြစ်ကို ဘယ်လိုအဖြစ်ဟူ၍ တွေးမရ။ ရင်တဒိတ်ဒိတ်နှင့် ရေတွက်ကြည့်ရာ ၁၀၀ တန် အချပ် ၁၀၀ တိတိ ရှိသဖြင့် ထိုငွေမှာ ၁၀,၀၀၀ ရှိကြောင်းကို သိရလေ၏။

ထိုမျှလောက် များပြားသောငွေကို မည်သူ တစ်ဦးတစ်ယောက်ထံမှ ကူညီမ,စလိမ့်မည်ဟု မမျှော် လင့်ခဲ့။ သူလို လူတစ်ယောက်နှင့်တွေ့မှ ဤကဲ့သို့ သော မကြုံစဖူး ထူးထူးကဲကဲ တွေ့ကြုံနေရသည့် မိမိ အခြေကို ရိဝေသော မျက်လုံးများဖြင့် ငွေစက္ကူများပေါ် စူးစိုက်ရင်း စဉ်းစား၍နေလေ၏။

စောဘုန်းဝေအား အလိုဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးမည်ဆိုလျှင် ထိုငွေမှာ မိမိအဖို့ သေချာ နေပြီဖြစ်၍ လက်သင့်ခံရန် ဝန်မလေးပေ။ စောဘုန်း ဝေသည် ထိုမျှလောက် ရက်ရောစွန့်ကြဲနိုင်သော လက္ခဏာကိုထောက်လျှင် မည်ရွေ့မည်မျှ ချမ်းသာ ကြွယ်ဝသူဖြစ်မည်နည်း။ မနူဟာမင်း၏ အံပွားဟု ဆိုသော စောခင်ထားလက်မှ သွားကလေးကို ယူငင် ပေးရုံနှင့် ယခင်က ၇,၀၀၀ ကျပ်တစ်ကြိမ်၊ ယခု ၁၀,၀၀၀ တစ်ကြိမ် ပေးကမ်းဝံ့ပြန်ရာ ထိုအံပွားကလေး

mgyoe.com

mgyoe.com



သည် စောဘုန်းဝေအဖို့၌ မည်မျှအရေးကြီးမည်နည်း။ ထိုပြဿနာများသည် တင့်ဆွေ၌ မီးခိုးမဆုံး မိုးမဆုံး ဖြစ်၍နေလေ၏။

ဖယောင်းပုဆိုးပတ်လျက် အဆက်တွင် ပိုးကြိုးကလေးဖြင့် သေသေသပ်သပ်ချုပ်ထားသော အထုပ်ပေါ်သို့ မျက်စိရောက်၍သွားပြန်သောအခါ "ကျွန်ုပ်၏အလုပ်တွင် မိတ်ဆွေသည် ဝင်ရောက်ကူညီနိုင်သူတစ်ယောက် မဟုတ်ဟု ယူဆပါက ဤအထုပ်ကို ကြည့်နိုင်ခွင့် မပြုနိုင်။ လေးလေးနက်နက် ဂရုပြုရမည်" ဟူသော စောဘုန်းဝေ၏ စာကလေးကို သတိရပြန်၏။

ထိုအလုပ်ကို လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ စောဘုန်းဝေ၏ နောက်ကွယ်တွင် ဖြစ်၍ တိတ်တဆိတ် ဖွင့်လှန်ကြည့်ရန် ကြံမိ၏။ သို့သော် ချုပ်လုပ်ပုံ ကျနလွန်းသဖြင့် စောဘုန်းဝေ မျက်ကွယ်ပင် ဖြစ်စေကာမူ သူ့အလုပ်ကို လက်ခံနိုင်မည်ဆိုလျှင် မထောင်းတာ။ အကယ်တိ မလိုက်နိုင်သည်ရှိသော် အထုပ်ကို ပကတိအတိုင်း ပြန်လှန်ချုပ်လုပ်ရန် ခဲယဉ်းကြောင်း မြင်ရုံနှင့် သိလေ၏။

သို့အတွက် စိတ်ပျက်၍သွားကာ "အို... ဒီဟာ လွယ်ကူမှာမဟုတ်ဘူး၊ မရချင်လည်း နေပါစေတော့"

mgyoe.com